
mgyoe.com SAMPLE BOOK

ကြည်သန်း

# ရောရောယောင်ယောင် မောင်ဘမောင် ဝတ္ထုတိုများ

စတုတ္ထအကြိမ်



mgyoe.com

mgyoe.com SAMPLE BOOK

မောင်ဘမောင်တို့၏ နေ့ရက်များသည် ဆင်ခြင်ခြင်းကို လက်ခံထားသော ကာလတစ်ခုဖြစ်သည်။ ယတိပြတ် ကန့်သတ် ဆင်ခြေသက်သက်ကား မဟုတ်။ ဆင်ခြင်ခြင်းသည် စနစ်တစ်စုံတစ်ရာအတွင်း ဖြစ်၍ ဆင်ခြေများသည် စနစ်အတွင်းမှ ဖြစ်လေသည်။ ထို–စနစ်–ကို ချဲ့ကားရန် အားထုတ်ကြခြင်းဖြင့် စနစ်ကို ချဲ့ကားနိုင်ခြင်းတိုင်းသည် ဆင်ခြေများကို စနစ်အတွင်း ချဲ့ထွင်နိုင်ခြင်းဖြစ်လာလေသည်။ ဆင်ခြေများကို စနစ်တစ်စုံတစ်ရာအတွင်း လက်ခံရခြင်းမှာ သိမှု၌ အခြေတည်သော လူတို့၏ အပြုအမူသာ ဖြစ်လေသည်။ သိမှုတိုင်းသည် သီးခြားလူတစ်ဦးချင်းစီ၌ တည်သော ဉာဏ်ရည်ဉာဏ်သွေးသာ ဖြစ်သည်။ သီးခြားလူတစ်ဦးချင်းစီ၏ နောက်ကွယ်၌ ရှိနေသော ပညာရပ်အခြေခံပျိုးထောင်မှုများက ယေဘုယျစံများကို အသုံးတည့် အသုံးဝင်သော စံများ ဖြစ်လာစေခဲ့သည်သာ ဖြစ်သည်။ လူတို့သည် ယေဘုယျစံနှင့် စနစ်များကို လက်ခံကြရသည် ဖြစ်သော်လည်း လူ့တို့၏ သီးခြားသိမှုတို့မှာ ယေဘုယျအောက်တွင် စတုတ်တိုက်ထား၍ မရချေ။ ။

မြင့်သန်း
၂၀၂၃

9 248480 504002

mgyoe.com

m g y o e . c o m SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

ကိုယ်တို့တစ်တွေလည်း အဲဒီလို နေခဲ့ကြလို့ ခုတော့၊ ခုလို နေနိုင် ကြတာပဲ။ ပြောမယ်ဆိုရင်တော့ ခေတ်ကျပ်ကြီးတွေ အကြားမှာ နေတတ်အောင် နေခဲ့ကြတာပါ။ ကိုယ်တို့ ခေတ်အခါတုန်းကလည်း ကိုယ်တို့ တစ်တွေ မညည်းခဲ့ကြပါဘူး။ အင်း၊ မေးမယ်ဆိုရင်တော့လည်း တော်ကော တော်ခဲ့ကြသလားရယ်လို့ မေးစရာပဲ။

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

နစ်ကာလများ
စာအုပ်အစီအစဉ် ၅၄၂

# ရောရောယောင်ယောင် မောင်ဘမောင်

ဝတ္ထုတိုများ

## မြင့်သန်း

နစ်ကာလများ
အမှတ် ၂၁၇၊ ပထမထပ်(က)၊
၃၅ လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁၈၂၅၅၉၄၈၊ ၀၉၇၄၀၉၇၉၃၉၃

mgyoe.com

mgyoe.com SAMPLE BOOK

**ပုံနှိပ်မှတ်တမ်း**
ရောရောယောင်ယောင် မောင်ဘမောင်
မြင့်သန်း
စတုတ္ထအကြိမ်၊ အောက်တိုဘာ၊ ၂၀၂၃
တတိယအကြိမ်၊ အောက်တိုဘာ၊ ၂၀၁၈ (နှစ်ကာလများ)။
ဒုတိယအကြိမ်၊ ၂၀၁၅ (နှစ်ကာလများ)။
ပထမအကြိမ်၊ ၂၀၀၂ (မုံရွေး)။
အုပ်ရေ – ၁၀၀၀
တန်ဖိုး – ၆၀၀၀ ကျပ်

**ထုတ်ဝေသူ** ဦးစိန်ဝင်း၊ နှစ်ကာလများ စာပေ (၀၀၇၄၄)၊ ၁၀၄၊ အပေါ်ဆုံးထပ် (က)၊ အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ **အတွင်းနှင့် အဖုံးပုံနှိပ်** ဦးအေးဝင်း၊ အေးကမ္ဘာ ပုံနှိပ်တိုက်၊ (၀၀၂၉၀) ၄၆၊ ၄၆ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ **မျက်နှာဖုံး** စိုးမင်းအောင်၊ **ကွန်ပျူတာစာစီ** သရဖီ၊

mgyoe.com


mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| | အမှာ | ၇ |
| | ဒုတိယအကြိမ် ပုံနှိပ်ခြင်းအတွက် အမှာ | ၁၃ |
| | တတိယအကြိမ် ပုံနှိပ်ခြင်းအတွက် အမှာ | ၁၇ |
| ၁။ | ပြန်ချင်ပြီ ညီမောင်လှရဲ့ | ၁၉ |
| ၂။ | ညဆယ့်နှစ်နာရီ တစ်စက္ကန့် | ၂၅ |
| ၃။ | ချစ်ခြင်းသည် အပြစ်ကင်း၏ | ၃၂ |
| ၄။ | ထိုယောကျ်ားကား မိုက်၏ ထိုယောကျ်ားတို့ကား မလိမ္မာကြကုန် | ၄၀ |
| ၅။ | မောင်ဘသောင်း၏ ကောင်း၍ ကောင်းခြင်းနှင့် မကောင်း၍ ကောင်းခြင်းအကြောင်း | ၄၈ |
| ၆။ | လက်နှစ်လုံး သုံးခါ ကိုမရသာ | ၅၆ |
| ၇။ | ခင်မင်သူကလေး | ၆၂ |
| ၈။ | နွေအိုခို မိုးအစ၊ အစိုးမရတာ တိမ် | ၆၉ |
| ၉။ | ငယ်ကျွမ်း စဉ်းစားလေ ... | ၈၂ |
| ၁၀။ | လွမ်းသလေ ... မောင်ကြီး | ၉၆ |
| ၁၁။ | အသက်ကို ငဲ့လို့ တည့်တည့်ပဲ ပစ်လိုက်တော့တယ် | ၁၀၇ |
| ၁၂။ | ငယ်သော် လှ၏၊ အိုသော် ညံ့၏ | ၁၁၉ |
| ၁၃။ | လူက စောင့်ရတဲ့ အချိန် | ၁၃၁ |
| ၁၄။ | ကိုယ်တို့ခေတ်တုန်းကလည်း မညံ့ခဲ့ကြပါဘူး | ၁၄၇ |
| ၁၅။ | မသေလို့ တွေ့ မေ့နိုင်ပါ့မလား | ၁၆၀ |


mgyoe.com

mgyoe.com



မြင့်သန်းနှင့် ဇနီး သန်းသန်းရည်။

## မြင့်သန်း၏ ကိုယ်ရေးအကျဉ်း

မြင့်သန်းကို ၁၉၄၉ ခုနှစ်က ရန်ကုန်မြို့တွင် မွေးဖွားခဲ့သည်။ မူလ လက်ဟောင်း စိန့်ဂျွန်းကျောင်း (စိန့်ဂျွန်း၊ ဒိုင်အိုစီစင် ယောကျ်ားလေးများကျောင်း၊ စိန့်ဂျွန်းကျောင်း အမည်ခံ လမ်းမတော် အထက ၁ မဟုတ်) တွင် ငယ်စဉ်က စ၍ အခြေခံပညာ ဆည်းပူးခဲ့သည်။ ရန်ကုန်တက္ကသိုလ်တွင် ဒဿနိကဗေဒ အဓိကပြုကာ ဆက်လက် ပညာဆည်းပူးခဲ့သည်။ စာပေရေးသားခြင်း၊ ဘာသာစကား လေ့လာခြင်းနှင့် အခြား ပညာရပ်အချို့ကို ဆက်လက် လေ့လာဆည်းပူးခဲ့သည်။ ဆရာဇော်ဂျီ ညွှန်းခဲ့သော 'ပြောက်ကျား စာရေးဆရာ'ဘဝကို သဘောကျသဖြင့် အချိန်ရသည့်အခါ စာတစ်ပုဒ်စ၊ နှစ်ပုဒ်စ ရေးနိုင်ရန် အားထုတ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

## အမှာ

ဤဝတ္ထုတိုများ စာအုပ်တွင် ပါဝင်သော ကျွန်တော်၏ အရေးအသား များမှာ ၁၉၉၀ ကာလ၏ နောက်ပိုင်းတွင် ရေးသားသော အရေးအသား များသာ ဖြစ်ပါသည်။ အတော်များများမှာ မဂ္ဂဇင်းများတွင် ပုံနှိပ်ထုတ်ဝေ ခဲ့ပြီး ဖြစ်ပါသည်။ တစ်ပုဒ်၊ နှစ်ပုဒ်သာ ယခင်က ပုံနှိပ်ဖော်ပြခြင်း မရှိ ခဲ့သော အရေးအသားများ ဖြစ်ပါသည်။ ဤအရေးအသားများ၊ အရေး အသားဟန်များ ဖြစ်လာခဲ့ခြင်းမှာ အကြောင်းရှိသဖြင့် အထိုက်အလျောက် ရှင်းပြလိုပါသည်။

ပညာရပ်ဆိုင်ရာ အဆောက်အအုံများနှင့် ကျွန်တော် ဆယ်နှစ်ခန့် ကင်းကွာခဲ့ပြီးနောက် ၁၉၈၀ ကာလများ၏ စောစောပိုင်းတွင် ကျွန်တော် သည် ပညာရပ်ဆိုင်ရာ အဆောက်အအုံများအတွင်းသို့ ပြန်လည်ရောက်ရှိ သွားခဲ့ပါသည်။ ပညာရပ်ဆိုင်ရာ အဆောက်အအုံများအတွင်း ပြန်လည် ရောက်ရှိသွားပြီး စနစ်တကျ လေ့လာရသောအခါတွင် ကျွန်တော်၏ ဆိုးဆိုးဝါးဝါး အနက်ယူ မှားခဲ့ခြင်း အများအပြားကို သိခဲ့ရပါသည်။ အခိကမှာ ကျွန်တော် ကျွမ်းကျင်နှံ့စပ်သည်ဟု အထင်ရှိခဲ့သော အနောက် တိုင်း ဘာသာစကား အခြေခံကာ ကျွန်တော် သိမှတ် နားလည် လက်ခံ

mgyoe.com

mgyoe.com SAMPLE BOOK
အနက်ဖွင့်ခဲ့ပုံ အတော်များများသည် ကျွန်တော်၏ ပင်ရင်း (အရှေ့တိုင်း/ မြန်မာ စသည်ဖြင့် ခေါ်လိုက ခေါ်နိုင်သည်) သိမှုတွင် အခြေခံကာ သိမှတ် နားလည်ခဲ့ခြင်းသာ ဖြစ်ခဲ့ကြောင်း သဘောပေါက်ခဲ့ရသဖြင့် ဖြစ်ပါသည်။

အထူးသဖြင့် ၁၉၆၀ ကာလခန့်က စတင် ပုံနှိပ်ထုတ်ဝေခဲ့သည့် အနောက်တိုင်းဘာသာ စာဖြင့် ရေးသားခဲ့သော အရေးအသား အများ အပြားမှာ အစဉ်အလာ၏ဘောင်မှ ခွဲထွက်ခဲ့ကြပါသည်။ ပညာရပ်ဆိုင်ရာ အဆောက်အအုံများသည် ပိုမို၍ စနစ်ကျလာကြကာ လျင်မြန်စွာ ကြီးထွား လာကြပါသည်။ အလားတူပင် ဖန်တီးမှုဆိုင်ရာ အနုသုခုမ ပညာရပ် များမှာ လျင်မြန်စွာ ပြောင်းလဲလာကြပါသည်။ ထိုပြောင်းလဲမှုများတွင် အကြောင်းပေါင်း များစွာ ရှိခဲ့ပါသည်။ ရေးကသော် ထိုအကြောင်းပေါင်း များစွာကို စိုးစဉ်းမျှ မသိဘဲလျက် ပြောင်းလဲသွားသော အနုပညာကို မှန်းဆ၍ သာယာခဲ့မိပါသည်။

သိမှတ်နားလည်နိုင်မှု ကွာပုံသည် ပြန်လည်ဖော်ထုတ်ရာတွင် အရေးကြီးကြောင်း ရှေးကပင် ကျွန်တော် နားလည်ရန် သင့်သော်လည်း ကျွန်တော့်အနေဖြင့် သတိမမူ ဖြစ်ခဲ့ပါသည်။ ကျွန်တော် ငယ်စဉ်က ကျွန်တော့် ဖခင်ကြီး၏ မိတ်ဆွေတစ်ဦးဖြစ်သူ ရန်ကုန် တက္ကသိုလ် ဘာသာဗေဒဆိုင်ရာ ... ဘာဆာဟောင်းဖြစ်သူ ဦးတင် (မြန်အောင် ဦးတင်ဟုလည်း တွင်သည်) က အင်္ဂလိပ်သတင်းစာ တစ်စောင်မှ ပေးစာတွင် ရေးသားထားသော အရေးအသား နှစ်ခုကို ပြကာ 'မောင်မြင့်သန်း၊ ဒီမှာ ဘာကွာသလဲ'ဟု မေးဖူးပါသည်။ ကျွန်တော် ဖတ်ကြည့်ရသရွေ့မှာ ကြီးကြီးကျယ်ကျယ် ကွာပုံ မမြင်။ သို့သော်လည်း အန်ကယ် ဦးတင်က 'ဒါက ဘိုက ဘိုလို ရေးတာ၊ ဒါက တို့ အရှေ့တိုင်းသားက ဘိုလို ရေးတာ'ဟု ပြောကာ ရှင်းလင်းပြပါသည်။ ဆိုလိုသည်မှာ သိမှုပုံစံ ကွာသဖြင့် ဘာသာစကား ကို တည်ဆောက်ရာတွင် ကွာခြားသွားကြခြင်း ဖြစ်ပါသည်။

ဤတွင် မော်ဒန်၊ ပို့(စ)မော်ဒန်အကြောင်း အနည်းငယ် ထည့်သွင်း ဆွေးနွေးရန် လိုအပ်လာပါသည်။ ရန်ကုန်တက္ကသိုလ်တွင် ပညာဆည်းပူး ခဲ့စဉ် ကာလအတွင်း ကျွန်တော် လက်လှမ်းမီသမျှ ဖတ်ရှုပြီးနောက် အရေးအသား အတော်များများ စမ်းသပ် ရေးသားခဲ့ဖူးပါသည်။ အတော်

mgyoe.com

mgyoe.com SAMPLE BOOK

များများမှာ အနောက်၏ သိမှုပုံစံကို အခြေခံထားသော အရေးအသားမျိုး ဖြစ်ပါသည်။ တစ်နည်းဆိုသော် ပုံတူကူးထားသည့် သဘောမျိုး ဖြစ်ပါသည်။ အထူးသဖြင့် သိမှုနှင့် သညာများကို တိုက်ရိုက်ဖလှယ်၍ မြန်မာဘာသာစကားအားဖြင့် ပြန်လည် ဖော်ထုတ်ခြင်းများ ဖြစ်လာပါသည်။ ဥပမာ – ကျွန်တော် ဖတ်ရှုခဲ့ရဖူးသော 'သိုးများကို လက်နှိပ်စက် အရိုက်သင်ပေးသည်'ဟူသော Satirical Irony ကို ကျွန်တော်က ကျွန်တော်၏ အရေးအသားတစ်ခုတွင် 'နွားများတွင် ကာဗျူရေတာ တပ်ပေးသင့်၊ မသင့်' စသည်ဖြင့် ရေးသားခဲ့ပါသည်။ စာဖတ်သူများကမူ Satirical Irony အဖြစ် မမြင်ဟု ထင်သည်။ ဝေဖန်ရေးဆရာတစ်ဦးကမူ ကြောင်သည်ဟုပင် ဝေဖန်ခဲ့ပါသည်။ ထိုဝေဖန်ချက်မှာ ယခုသော် ကျွန်တော့်အတွက် အလွန် အကျိုးရှိသော ဝေဖန်ချက် ဖြစ်လာသည်။ ထိုစဉ်က ကျွန်တော်သည် ဘာသာစကား၏ ထိန်းချုပ်ခံ နားလည်မှုကို ထည့်သွင်းမစဉ်းစားမိခဲ့သော အကြောင်းကို သတိပေးသလို ဖြစ်လာပါသည်။

မော်ဒန်–ပို့(စ)မော်ဒန် လမ်းကြောင်းပေါ်တွင် ဖန်တီးရာ၌ ဒီလိုရေးရမယ်ဟုလည်း တွေးခဲ့မိသဖြင့် ရေးစမ်းကြည့်ခဲ့ရာ ထိုသို့ တွေးခြင်းသည်ပင် ပို့(စ)မော်ဒန် လမ်းကြောင်းမှ သွေဖည်သွားခဲ့ကြောင်း အနှစ်နှစ်ဆယ်ကျော်မှ သဘောပေါက်ရပါသည်။ ဆရာများ၏ စနစ်တကျပို့ချမှုအောက်တွင် ပို့(စ)မော်ဒန်ဟု သတ်မှတ်ထားသော အရေးအသားများကို ဖတ်ရသည်တွင် ကိုယ့်ဘာသာ ရှက်ပြုံး ပြုံးမိပါသည်။ ဘာသဲလ်(မ)၊ ပင်ချွန်း၊ ဗရော့တီဂန်တို့၏ အရေးအသားများကို ဖတ်ရှုရသည်တွင် ကျွန်တော် အသိသစ်များ ရခဲ့ရပါသည်။ ကျွန်တော်တို့၏ သိမှု၊ သို့မဟုတ် သိမှတ်မှုပုံစံထဲတွင် မရှိခဲ့သော အနောက်တိုင်း သိမှုပုံစံများကို မည်သို့မည်ပုံ အံဝင်အောင် သုံးမည်ဟု မစဉ်းစားဘဲ အတင်းယူငင် သုံးစွဲမိပုံကို ပြန်လည်တွေးကြည့်ကာ ရှက်မိပါသည်။

သို့ရာတွင် ကျွန်တော့်အနေဖြင့် ဝမ်းသာနိုင်သော အချက်တစ်ခုမှာ မော်ဒန်၊ သို့မဟုတ် ပို့(စ)မော်ဒန် ဖန်တီးမှုများကို အနောက်တိုင်း အတွေးအခေါ်စနစ်များနှင့် မရောထွေးခဲ့မိခြင်း ဖြစ်သည်။ ဖန်တီးမှုသည် ဖန်တီးမှုဖြစ်ပြီး ပညာရပ်ဆိုင်ရာ တင်ပြမှုများသည် သီးခြားအပြုအမူများဟု မြင်ပါသည်။ မဆီမဆိုင် စထရပ်ချရယ်လစ်တို့၏ အမြင်များ၊ ဘာသာ



mgyoe.com

mgyoe.com SAMPLE BOOK
ဗေဒဆိုင်ရာ တည်ဆောက်မှုများကို ဖန်တီးခြင်းဖြင့် ရောထွေး မမြင်ခဲ့မိခြင်း ဖြစ်သည်။ စင်စစ် ပို့(စ)မော်ဒန်ကာလ၏ အနုပညာဖန်တီးမှု အခြေခံမှာ လွတ်လပ်ခြင်းဖြစ်ပြီး (လွတ်လပ်ခြင်းကို တောင်းဆိုခြင်းနှင့် မရောထွေး ပါနှင့်) မိမိ၏ဆန္ဒအတိုင်း ပြန်လည် ဖော်ထုတ်ပြခြင်းသည်သာ အခရာ ဖြစ်ပါသည်။ ဒီကော်နစ်စထရပ်ရှင်းတို့၊ ဟိုကော်နစ်စထရပ်ရှင်းတို့၊ ဆစ်ကနေ ဖိုင်ရာတို့၊ ဆစ်ဂနေဖိုက်တို့၊ ဒီစင်ထရယ်လိုက်တို့၊ ဖရိုက်ဂမင့်တေးရှင်း တို့၊ လိုဂိုစင်စာရစ်တို့၊ မက်တာနယ်ရေးတစ်တို့၊ ယင်းတို့သည် ဖန်တီးမှု၏ အခြေခံများ မဟုတ်ပါ။ ပညာရပ်ဆိုင်ရာ ဆွေးနွေးမှုအတွက် သိရှိရန် လိုအပ်မှု၏ အစိတ်အပိုင်းသာ ဖြစ်ပါသည်။ ပညာရှင် (သို့မဟုတ် အသိ အမှတ်ပြု ပညာရှင်) များ ဆွေးနွေး၊ နှီးနှောကြရန်သာ ဖြစ်ပါသည်။ ရှင်းရှင်း ရေးရသော် အခြေခံ အထိုက်အလျောက်မရှိဘဲ နားလည်နိုင် သော အကြောင်းများလည်း မဟုတ်ပါ။

ဤစာအုပ်ပါ အရေးအသားများကို ဂရုပြုကြည့်သော် သုံးမျိုး သုံးစား ပါဝင်နေကြောင်း တွေ့ရပါမည်။ 'လွယ်ကူစွာ ပြောဆိုသင့်သော အကြောင်းများ' မှာ ရှေးက ကျွန်တော် ရေးလေ့ရှိသော 'ကျွန်တော်' တည်းဟူသော နာမ်စားကို သုံးစွဲ၍ ရေးသားထားသည်ကို တွေ့ရပါမည်။ 'မောင်ဘမောင် ဝတ္ထုတိုများ'တွင်မူ မောင်ဘမောင် မျက်နှာဖုံးကို စွပ်၍ လည်းကောင်း၊ နောက်ပိုင်းတွင် ဖော်ပြထားသော ဝတ္ထုတိုများတွင် တင်ပြနေသူကို မမြင်ရတော့သည့် အနေအထားဖြင့် လည်းကောင်း ရေးသားခဲ့ပါသည်။ စာရေးသူ၏ 'ငါ'နှင့် 'အတ္တ၏ ရှိနေမှု'အကြား ဈေးဆစ်ထားသော အရေးအသားများသာ ဖြစ်ပါသည်။ ရေးသားသူ၏ 'ပါဝင်ပတ်သက်ထားသော'နှင့် 'နိုင်သော' နေရာများ တွေ့ရပါလိမ့်မည်။ အရေးအသားများ အားလုံး၏ အကြား၌ တူညီမှုတစ်ခုသာ ရှိပါသည်။ ဤအရေးအသားများ အားလုံးကို ကျွန်တော်သည် လမ်းပေါ်က လူ တစ်ယောက် အနေဖြင့်သာ ရေးသားခဲ့ပါသည်။ ယခုသော် စာဖတ်သူ(တို့) ၏ လက်အတွင်းမှ ကျွန်တော့် အရေးအသားများသာ ဖြစ်သွားခဲ့ပါပြီ။

နိဂုံးအားဖြင့်ဆိုရသော် အရေးအသား တစ်စုံတစ်ရာအား ဖန်တီး ရာတွင် ဖန်တီးသူ၏ သိနားလည်မှုသည် အရေးအကြီးဆုံး ဖြစ်ပါသည်။ ပညာရှင်များက သူတို့အလုပ် သူတို့ လုပ်ကြပါလိမ့်မည်။ ဖတ်သူများက


mgyoe.com

mgyoe.com SAMPLE BOOK

သူတို့၏ သိမှတ်ခံစားနိုင်မှု အတိုင်းအတာတစ်ခုဖြင့်သာ ဖတ်မည်ဟု ကျွန်တော် ယုံကြည်ပါသည်။ ဆိုခဲ့ပြီးသည့်အတိုင်း ကျွန်တော်ကမူ လမ်းပေါ်က လူတစ်ယောက်အနေဖြင့် ဤဝတ္ထုတိုများကို ရေးသားခဲ့ခြင်းဖြစ်၍ အားလုံးနှင့် တစ်သဘောတည်း ဖြစ်လိမ့်မည်ဟူ၍ကား မျှော်လင့်မထားပါ။

**မြင့်သန်း**

စက်တင်ဘာ၊ ၂၀၀၁။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com SAMPLE BOOK

## ဒုတိယအကြိမ် ပုံနှိပ်ခြင်းအတွက် အမှာ

'ရောရောယောင်ယောင် မောင်ဘမောင်' ဝတ္ထုတိုများကို နှစ်ကာလများ စာပေက သီးသီးသန့်သန့် ပြန်ထုတ်ဝေမည်ဟု ကြားရသဖြင့် ဝမ်းသာရပါသည်။ စီစဉ်သော ကဗျာဆရာ (ကို) မိုးဝေးကိုလည်း ကျေးဇူးတင်ရပါသည်။ ပထမ ပုံနှိပ်စဉ်က မောင်ဘမောင်နှင့် စပ်လျဉ်းနေသည်များကို မရေးလိုက်ရပါ။ ယခု ဒုတိယအကြိမ် ပြန်လည်ဖြည့်စွက် ထုတ်ဝေခြင်းတွင်မူ အထိုက်အလျောက် ရေးလိုပါသည်။

'ရောရောယောင်ယောင် မောင်ဘမောင်' ဝတ္ထုတိုများမှာ ကျွန်တော်ကြုံတွေ့ခဲ့ရသော လူကြီးများတွင် အများဆုံး အခြေခံပါသည်။ ထိုအထဲတွင် အဖေနှင့် သူတို့ညီအစ်ကိုများလည်း ပါသည်။ အားလုံးသော လူကြီးများမှာ ခေတ်ပညာတတ်ကြီးများ၊ မြန်မာစာ၊ ဘာသာစကား၊ အစဉ်အလာယဉ်ကျေးမှု ပိုင်နိုင်သူများ၊ အိုင်စီအက်(စ)၊ ဘီစီအက်(စ)ကြီးများ ဖြစ်ကြပါသည်။ ပြောရမည်ဆိုလျှင် တကယ့်လူများအပေါ်တွင် အခြေခံပါသည်။ အကြောင်းသင့်၍ ဆိုရသော် ကျွန်တော်၏ဆောင်းပါးများ (အထူးသဖြင့် ခရီးသွား ဆောင်းပါးများ)သည် တကယ့်လူများနှင့် တကယ့်ဖြစ်ရပ်များတွင်သာ အခြေခံပါသည်။ ထိုသို့ တကယ့်လူများနှင့် တကယ့်ဖြစ်ရပ်များ



mgyoe.com

mgyoe.com SAMPLE BOOK
တွင် အခြေခံ ရေးသားတတ်ရန်မှာ အကြောင်းတစ်ခု ရှိခဲ့ပါသည်။

တစ်ခါက ရန်ကုန်တက္ကသိုလ်တွင် ပညာဆည်းပူးနေစဉ် ကျွန်တော်တို့ ကျောင်းသူကျောင်းသား လေးငါးခြောက်ယောက် (အသေအချာတော့ မမှတ်မိတော့ပါ)ကို ကွယ်လွန်သူ ဆရာကြီး ဒေါက်တာ ခင်မောင်ဝင်းက စကားခေါ်ပြောပါသည်။ ဆရာကြီးမှာ ကျောင်းသူကျောင်းသားများအား ခေါ်ပြီး စကားပြောသောအကျင့် ရှိပါသည်။ (အလားတူပင် ပါမောက္ခ ဦးဖေအောင်လည်း ထိုအလေ့အကျင့်မျိုး ရှိလေသည်။ ပါမောက္ခ ဦးခင်မောင်ဝင်းကမူ ကျောင်းသူကျောင်းသားများရှိရာ လက်ဖက်ရည်ဆိုင်သို့ လိုက်ကာ စကားပြောတတ်သည်) တစ်နေ့သော် စကားပြောကြရင်း လူကြီးများအကြောင်းသို့ ရောက်သွားသည်။ လူကြီး ဆိုသည်မှာ ၆၀ ကျော်၊ ၇၀ ကျော်များကို ဆိုလိုပါသည်။ ဆရာကြီး ဒေါက်တာခင်မောင်ဝင်းမှာ စကားပြောလျှင် မေးခွန်းထုတ်သောအလေ့ရှိပြီး ဆက်လက် ဆွေးနွေးစရာများကို လမ်းစပေးတတ်သည်။

ထိုသို့ လူကြီးအချို့အကြောင်း ပြောဆိုနေကြစဉ် ဆရာကြီးက ဒီလူကြီးတွေ ဘာဖြစ်လို့ အဲဒီလို တွေးတယ် ထင်သလဲ ဟု ဆိုပါသည်။ ထိုမေးခွန်းမှာ 'ရောရောယောင်ယောင် မောင်ဘမောင်'ကို ဖြစ်ပေါ်လာစေခဲ့သော အကြောင်းများအနက် အဓိကကျသော အကြောင်းတစ်ခု ဖြစ်ပါသည်။ 'ရောရောယောင်ယောင် မောင်ဘမောင်' ဝတ္ထုတိုများထဲမှ အဓိကဇာတ်ကောင်ဖြစ်သူ ဦးဘမောင်မှာ ခေတ်ပညာတတ်၊ ရာထူးရာခံ ကောင်းကောင်း ရှိခဲ့သူ၊ လူအမျိုးမျိုးဖြင့် ဆက်ဆံခဲ့ဖူးသူ၊ မိန်းမယူခဲ့ဖူးသူ ဖြစ်ခဲ့သည်သာမက ကာလတရားကြီး၏ ပြိုပျက် ပြောင်းလဲနေခြင်းကိုလည်း မျက်ခြည်မပြတ်သူ ဖြစ်လေသည်။ ပြောမည်ဆိုလျှင် သူ့တွင် အဖြေအလုံးစုံ ရနိုင်သောလူမျိုး ဖြစ်သည်။ သို့ရာတွင် ဦးဘမောင်မှာ အဖြေမထွက်နိုင်သည့် အနေအထားများနှင့် ကြုံနေရတတ်သည်။ အဖြေ မထွက်နိုင်သည်သာမက မေးခွန်းတစ်ခုတည်းတွင် မေးခွန်းပေါင်းများစွာ ဆင့်ပွားပေါ်လာတတ်သော အနေအထားနှင့်လည်း ကြုံနေရတတ်လေသည်။ ထိုသို့ ဖြစ်ရသည်မှာ သူ၏ညံ့ဖျင်းမှုကြောင့် မဟုတ်။ အသိပညာ နွမ်းပါးသောကြောင့်၊ ဘဝအတွေ့အကြုံ မရှိသောကြောင့် မဟုတ်။ ဘဝ ဆိုသည်ကို အလုံးစုံသော အသိပညာအရာတွင် ပြည့်စုံနေမှု တစ်ခုတည်းဖြင့် ဖြေရှင်း


mgyoe.com

mgyoe.com SAMPLE BOOK
မပေးနိုင်သောကြောင့် ဖြစ်သည်။ အခြားတစ်ချက်မှာ လောကကြီး၏ ရှိနေခြင်းကို မည်သို့ လက်ခံထားပါသည်ဟူသော ပြဿနာဖြစ်သည်။

နှစ်ပေါင်း ၄၀ ကျော် ကြာသွားသောအခါ ဆရာကြီး ဒေါက်တာ ခင်မောင်ဝင်းမှာ အငြိမ်းစား သံအမတ်ကြီး ဒေါက်တာခင်မောင်ဝင်း ဖြစ်သွားပါသည်။ ကျွန်တော်ကမူ လမ်းပေါ်ကလူ ဘဝဒွိပင် ကျေနပ်သာယာစွာ ဖြစ်–ရှိ နေခဲ့ပါသည်။ ရန်ကုန် ရောက်သည့်အခါများတွင် အနည်းဆုံး ဆရာကြီးနှင့် တစ်ကြိမ်မျှ တွေ့ဆုံ စကားပြောဖြစ်ပါသည်။ ဆရာကြီးမှာ ဒဿနိကဗေဒ ပါမောက္ခအဖြစ်သာမက ပါမောက္ခချုပ်၊ ပညာရေးဝန်ကြီး၊ သံအမတ် စသည့် အနေအထားများစွာကို ဖြတ်သန်းလာခဲ့သူဖြစ်ရာ ပြောမည်ဆိုလျှင် ပြောစရာအကြောင်းများ အပြည့်ရှိသူ ဖြစ်လေသည်။ တစ်နေ့သော် ရန်ကုန်မြို့၊ ကုန်းမြင့်သာယာတွင်ရှိသော လက်ဖက်ရည်ဆိုင်ကလေး၌ လက်ဖက်ရည်သောက်ရင်း စကားစမြည် ပြောကြရာတွင် ဆရာကြီးတို့အရွယ် လူကြီးများအကြောင်း ရောက်သွားပါသည်။ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်သော်လည်း မမေ့နိုင်သော အကြောင်းတစ်ခု ရှိနေခဲ့လေရာ ဆရာကြီးကို ဆရာကြီးတို့အရွယ် လူကြီးတွေ ဘာဖြစ်လို့ အဲဒီလို တွေးသလဲ ကျွန်တော်က မေးကြည့်မိသည်။ ဆရာကြီးသည် ပညာရှင်၊ ပညာတတ် ဖြစ်လေရာ ယတိပြတ် အဖြေမပေးဘဲ ဆရာ့ အထင်တော့ 'အရွယ်ပဲ'ဟု ဖြေသည်။

မှန်ပါသည်။ 'အရွယ်'သည် ကျွန်တော်တို့ အားလုံး၏ သိမှုကို ထိန်းကျောင်းထားပြီး 'ဖြစ်နေခြင်း'နှင့် 'ဖြစ်သင့်ခြင်း'များကို အပြောင်းအလဲ လုပ်ပေးနိုင်သော တစ်စုံတစ်ရာ ဖြစ်ပါသည်။ ကျွန်တော်တို့သည် 'အရွယ်' အတွင်းသို့ မကျရောက်ရန် တားဆီးထိန်းကျောင်းထား၍ ရမည်မထင်ပါ။ တရုတ် စာရေးဆရာကြီး လုရှွန့်၏ တစ်ခုသော ဝတ္ထုတိုတစ်ပုဒ်တွင် အဘွားကြီး ကိုးပိဿာဟူသော အမျိုးသမီးကြီးတစ်ဦး ပါသည်။ အဘွားကြီး ကိုးပိဿာကမူ သူ့နောက်မှမွေးသူ မှန်သမျှကို ညံ့သည်ဟူ၍သာ မြင်သည်။ ကျွန်တော်တို့သည် ထို'အရွယ်'တစ်ခု အတွင်းသို့ ကျရောက်သွားသောအခါ အဘွားကြီး ကိုးပိဿာ မြင်သည်ကဲ့သို့ နောက်မွေးတဲ့ ကောင်တွေများ ညံ့ကိုညံ့တယ် ဟူသော အမြင်မျိုး ရှိမလာရန်မူ သတိရှိသင့်သည်။ ဦးဘမောင်ကြီးကဲ့သို့ လောကကြီးဟာ သူ့ဟာနဲ့သူ


mgyoe.com

တော့ ဟုတ်နေသားဟု မြင်နိုင်လျှင်မူ ကျွန်တော်တို့၏ လောကကြီးမှာ နေပျော်သော လောကကြီး ဖြစ်မည်မှာ သေချာသည်။

မြင့်သန်း



mgyoe.com

mgyoe.com SAMPLE BOOK

## တတိယအကြိမ် ပုံနှိပ်ခြင်းအတွက် အမှာ

'ရောရောယောင်ယောင် မောင်ဘမောင်' ဝတ္ထုတိုများကို ပုံနှိပ်ဖော်ပြပြီးနောက် ကျွန်တော့်ဆရာ နှစ်ဦးနှင့် ပြန်လည် တွေ့ဆုံမိသည်။ ဆရာ တစ်ယောက်က မောင်ဘမောင်ရဲ့ စရိုက်လက္ခဏာတွေ ဘယ်က ရသလဲဟု မေးသည်။ ကျွန်တော်က မဖြေရသေးခင် တခြား ဆရာ တစ်ယောက်က သူ့အဖေဆီ လာတဲ့ အဘိုးကြီးဆီကပဲပေါ့။ ကိုယ် သိသလောက်တော့ မောင်ဘမောင်ထဲမှာ တကယ့် အနေအထားတွေ ပါတယ်ဟု ဆိုသည်။ ကျွန်တော် မငြင်းနိုင်ပါ။ ကျွန်တော့် ဆရာများသည် စာဖတ်ကောင်းသူများ၊ ဖတ်ထားသည်များကို စိစစ်လေ့ရှိသူများ ဖြစ်သည်သာမက ဆင်ခြင်ခြင်းကို အလေ့အကျင့်အဖြစ် ရှိထားသူများ ဖြစ်သည်။ ကျွန်တော် ကြီးပြင်းရာ ကာလမှာ လွတ်လပ်ရေးရပြီးနောက် ပထမနှင့် ဒုတိယ ဆယ်စုနှစ်များ ဖြစ်သည်။ ကိုလိုနီစနစ်၏ လက်ကျန်စနစ်အတွင်း လုံးလည်ချာလိုက်နေသေးသော ကာလနှင့် ရုန်းထွက်ရန် အားထုတ်သော ကာလ နှစ်မျိုးစလုံးတွင် ဖြစ်သည်။ ကိုလိုနီ အုပ်ချုပ်ရေးစနစ်နှင့် ကိုလိုနီ ပညာရေးစနစ်သည် ပထမ ဆယ်နှစ်တွင်သာ လွှမ်းမိုးနေခဲ့သည်သာ မဟုတ်။ ဒုတိယ ဆယ်နှစ်အတွင်းလည်း ကိုးလိုးကန့်လန့်ဖြင့် ပါဝင်နေ



mgyoe.com

mgyoe.com SAMPLE BOOK
ပေသေးသည်။ မောင်ဘမောင်၊ ဖိုးစောထွန်းနှင့် ဖိုးကိုတို့ ကဲ့သို့သော သူများမှာ ဒုတိယ ဆယ်နှစ်အထိ ကိုးလိုးကန့်လန့်ဖြင့် မရေရာနေသော စနစ်များအတွင်း သူတို့နည်း သူတို့ဟန်ဖြင့် ရပ်တည်နေနိုင်အောင် အားထုတ်ခဲ့ကြသူများ ဖြစ်သည်။ သူတို့နည်း သူတို့ဟန် ဆိုသည်မှာ လွတ်လပ်သော အတွေးအခေါ် အခြေခံ ရပ်တည်နိုင်မှုသာ ဖြစ်သည်။ ဒုတိယ ဆယ်စုနှစ်အတွင်း အရပ်ဘက်ဆိုင်ရာ အုပ်ချုပ်မှုကို နကန်းတစ်လုံးမျှ မသိသူများ ဝင်ရောက်လာပြီး စနစ်အတွင်း မရှိခဲ့သော အဆင့်/ ရာထူး/ နေရာများ ဖန်တီးယူလာခြင်းများနှင့် တိုးခဲ့ကြသူများ ဖြစ်သည်။ သို့ရာတွင် စနစ်အတွင်း မရှိသော အဆင့်/ ရာထူး/ နေရာ ရယူခြင်းတို့မှာ သမိုင်း၏ တစ်ဖန်ပြန်လည် ဖြစ်ပေါ်မှု သဘောတွင် တည်သည်။ ဖြစ်တတ်သော သဘော ရှိလေသည်။ **'ရောရောယောင်ယောင် မောင်ဘမောင်'** ဝတ္ထုတိုများသည် ထိုစဉ် ထိုအခါက ဖြစ်ခဲ့သော အနေအထား၊ အဖြစ်အပျက်များတွင် အခြေခံခဲ့သည်မှာ မှန်သော်လည်း ဝတ္ထုများအဖြစ် ရေးသားထားသော ဝတ္ထုများသာ ဖြစ်ပါသည်။

ယခု ဖြည့်စွက်ထားသော ဝတ္ထုတိုသုံးပုဒ်မှာ ယခင် ဖော်ပြခဲ့သော ဝတ္ထုတိုများနှင့် တစ်ချိန်တည်း ရေးသားခဲ့သော ဝတ္ထုတိုများ ဖြစ်သည်။ ရေးသားထားသော ကွန်ပျူတာများအတွင်း ပျောက်ဆုံးနေခဲ့ရာမှာ ကွန်ပျူတာ ကျွမ်းကျင်သူ ပညာရှင်များကြောင့် ပြန်လည် ရရှိလာသည်။ သို့သော် အချို့မှာ ဖွန့် Font မကိုက်ညီမှုကြောင့် ကြိုးစားကာ ပြန်လည် တည်ဆောက်ကြည့်ဆဲ ဖြစ်သည်။

**မြင့်သန်း**


mgyoe.com

mgyoe.com SAMPLE BOOK

# ပြန်ချင်ပြီညီမောင်လှရဲ့

ဟော ... နေဝင်တော့မယ်။ ဒီနေရာက ထိုင်ကြည့်ပြီး နေဝင်တာ၊ နေထွက်တာ ကြည့်ကြည့်နေတာ ကြာပြီ။ အလုပ်မှ မရှိဘဲကိုး။ ဒီအချိန်လောက်ဆို ဒီအနားကထိုင်ပြီး နေဝင်ပုံကြည့်ရတာ ဟုတ်သလိုလို ရှိတာနဲ့ လာလာထိုင်ပြီး ကြည့်နေမိရာက ခုတော့ အလေ့အကျင့်ကလေးလို ဖြစ်နေတယ်။ အကျင့်ကြီးတစ်ခုရယ်လို့တော့လည်း မဟုတ်ဘူးပေါ့လေ။ ကိုယ့်မှာက ဘာမှ လုပ်စရာမှ မရှိတာ။

တစ်ခါတလေ ဝီစကီလေး တစ်ပက်၊ နှစ်ပက်လောက်များ ချပြီး ဒီအနား လာထိုင်နေရတာ ပိုများတောင် နိပ်သေးတယ်။ နေဝင်ပုံကလည်း ကြည့်ရင်း ညဏ်ကစားရတာပေါ့လေ။ ဒီအရွယ် ရောက်မှတော့လည်း အဲဒီလို ဝီစကီလေး၊ ဘာလေး သောက်လိုက်ရတဲ့အခါ ဦးနှောက် ပိုအလုပ်လုပ်တယ် ခေါ်ရမလားပဲ။ နည်းနည်းပါးပါး။ ငယ်ငယ်ကလို ဂေါ်ရင်ဂျီ သောက်တော့ ဘယ်သောက်တော့မှာတုံး။ ခုအရွယ်က တန်ဆေး၊ လွန်ဘေးကိုး။ မဟုတ်ပေဘူးလား။

ငယ်ငယ်တုန်းကတော့ ဟုတ်သပေါ့။ အပေါင်းရယ်၊ အဖော်ရယ်၊ ပိုက်ဆံရှိလာလို့ ဝမ်းသာတဲ့အခါရယ်၊ ဘိုင်ကျလို့ စိတ်ညစ်တဲ့အခါရယ်



mgyoe.com

mgyoe.com SAMPLE BOOK

ဆင်ခြေမျိုးစုံနဲ့ သောက်ခဲ့ကြတာကလား။ သောက်သပဟေ့ ဆိုတော့လည်း မူးမှ ကြိုက်တယ်။ ခုလို အရသာကလေး ခံပြီး သောက်ရတယ်ဆိုတာမှ မသိဘဲကိုး။ ခုတော့လည်း အဲဒီလို မမိုက်ရဲတော့ဘူး။ ပိုဆိုးတာက အပေါင်းရယ်၊ အဖော်ရယ်ဆိုတာက ဝေးဝေးလာကြပြီ မဟုတ်လား။ မကြာခင်ကတင် ဖိုးကို ဆုံးသွားတာ ကြားရတယ်။ စိတ်မကောင်းဘူး။ ခုထိပဲ။ ဒါပေတဲ့ ကိုယ်ကလည်း ဘာမှတတ်နိုင်တာ မဟုတ်ဘူး။ သူ့ဘဝ၊ သူ့အဖြစ်၊ သူ့ကိုယ်၊ သူ့ခန္ဓာ၊ သူ့ရုပ်၊ သူ့ဘာသာသူပဲ မဟုတ်ဘူးလား။

သူက သူ့စီးပွားရေးနဲ့သူ တစ်သက်လုံး နေလာတာ။ ကိုယ့်လို ပင်စင်တွေ၊ ဘာတွေ ယူစရာလိုတာ မဟုတ်ဘူး။ ဟိုတစ်ခါ ဒီလာတုန်း ကတောင် ပြောလိုက်သေးတယ်။ အသက်ကလည်း ငယ်တော့တာ မဟုတ်ဘူး။ ဆင်ဆင်ခြင်ခြင်၊ နားနားနေနေ လုပ်။ လောဘတွေ၊ ဘာတွေ သိပ်များမနေနဲ့တော့ ... စသဖြင့်ပေါ့လေ။ ဒီကောင်က စီးပွားရေးသမား မဟုတ်လား။ ခုတော့လည်း လောဘ နည်းလောက်တဲ့အရွယ် ရောက်ပြီကိုး။ သူ့ကြည့်ရတာ လောဘ နည်းလောက်ပါပြီ။ ဒါပေတဲ့ ငယ်ကျင့်ကလေးက တယ်မပျောက်ချင်သေးဘူး။ မြေးကလေးတွေ ကောလိပ်ရောက်နေမှ သူက မြာကလေးတွေနဲ့ သွားလာနေချင်သေးတယ်။ သူကတော့ ပြောပါရဲ့။ ငါ မသေနိုင်သေးဘူး၊ မသေချင်သေးဘူးတဲ့။ ဒါကြောင့်လည်း သူက ဆေးတို့၊ ဘာတို့ မှန်မှန်စစ်သတဲ့။ အားဆေးတွေ၊ ဘာတွေလည်း မှန်မှန်သောက်တယ် ထင်ရဲ့။ အယ် ... ဖြစ်ချင်တော့ အိပ်နေတုန်း နှလုံး ရပ်သွားသတဲ့။ ချော ... ရော၊ သေ ... ရော။ သေတယ် ဆိုတာကလည်း ကိုယ်က ပိုင်တဲ့ကိစ္စ မဟုတ်ဘူးလို့ ကိုယ်က ထင်တာပဲ။ ဒါကြောင့်လည်း အနိစ္စလို့ ခေါ်ကြတာ ထင်ပါရဲ့။

ဒါပေတဲ့ စပ်လို့ပြောရဦးမယ်။ နေတယ် ... သေတယ် ဆိုတဲ့ကိစ္စ ဟာ ကိုယ်ကပဲ ဆုံးဖြတ်နိုင်သတဲ့။ ဟိုတစ်ခါက ဒီမှာလာပြီး တစ်ပတ် လောက် နေသွားတဲ့ ကိုရင်မောင်တင့် သားက ပြောပြသွားဖူးတယ်။ ဒီ အကောင်က ဘီအေ၊ အမ်အေ အောင်ပြီး ကောလိပ်မှာ ဖီလိုဆိုဖီတို့၊ ဘာတို့ သင်လာတာဆို ထင်ရဲ့။ ခုတော့ စာသင်ရတာ ငြီးငွေ့လို့ အရုပ်ရေး စားနေသတဲ့။ သူက ပြောတယ်။ နေမလား၊ သေမလားဆိုတဲ့ ကိစ္စကို ဆုံးဖြတ်နိုင်တာက လူပဲတဲ့။ လူကလွဲလို့ တခြား သက်ရှိသတ္တဝါတွေဟာ



mgyoe.com

mgyoe.com SAMPLE BOOK
နေတာ၊ သေတာကို မဆုံးဖြတ်နိုင်ဘူးတဲ့။ ကိုယ်ကလည်း သူ့လောက် ဉာဏ်သွားတဲ့အကောင် မဟုတ်တော့ သူ့ကို အတော်ရှင်းအောင် မေးယူရတယ်။ ဒါတောင် သူပြောတာ အကုန်အစဥ် ဘယ်နားလည်မှာတုံး။ ကိုယ် ဉာဏ်မီတာကလေးလောက်တော့ ရအောင် မှတ်ထားလိုက်ရတယ်။ သူကတော့ တစ်ညနေခင်းလုံး ကုန်အောင် ရှင်းပြပါရဲ့။ ... လူဆိုတာ ဆုံးဖြတ်နိုင်သတဲ့။ ရွေးချယ်နိုင်သတဲ့။ အထူးသဖြင့် နေမလား၊ သေမလား ဆိုတဲ့ ကိစ္စကိုတဲ့။ ဟုတ်တော့လည်း ဟုတ်သလိုပဲ။

ခက်တာက ကိုယ်ကလည်း တစ်သက်လုံး ပစ်ချခံထားရသလို နေလာတဲ့အကောင် မဟုတ်လား။ မိဘက ကျောင်းထား၊ နောက်တော့ ဘွဲ့ရ၊ ဘွဲ့ရပြီးတော့ အလုပ်ရ။ အဖေ၊ အမေက ပေးစားတဲ့မိန်းမ ယူ။ အချိန်တန်တော့ ရာထူးရာခံနဲ့ဖြစ်။ ကိုယ့်အထက်က ညွှန်ကြားတာလုပ်။ အိမ်က မိန်းမ ချက်ကျွေးတာစား။ ကလေးတွေ ကြီးလာ။ အိမ်ထောင် ရက်သားတွေ ကျကြ။ နောက် ကိုယ့်အိမ်ကိုယ့်ရာနဲ့ အိမ်ခွဲ သွားကြ။ အချိန်စေ့တော့ ကိုယ်က ပင်စင်ယူ။ အဘွားကြီးကလည်း ဘာသာရေး နောက် ကောက်ကောက်ပါသွားတော့ ယောဂီဝတ်နဲ့ ချောင်မှာသွားနေ။ ဒီလိုနဲ့ ကိုယ်က ခုလို တစ်ကိုယ်တည်း ဖြစ်နေတာပေါ့လေ။ အိမ်တစ်လုံး၊ ခွေးတစ်ကောင်နဲ့ ကိုယ့်ရဲ့ယော်တပည့် ခြံစောင့်လုပ်တဲ့ ဖိုးစပ်တို့ လင်မယား ချက်ကျွေးတာ စားပေါ့လေ။

ဒါကြောင့်လည်း ကိုယ်က ခက်တယ် ပြောတာ။ တစ်သက်လုံးက လည်း ဘာမှ ကြီးကြီးကျယ်ကျယ် ရွေးချယ်ဆုံးဖြတ်လာတာ မဟုတ်ဘူး။ ကိုယ့်မှာက ဘာတာဝန်မှ ကြီးကြီးကျယ်ကျယ် မရှိခဲ့ဘူး။ ခုမှ ဆုံးဖြတ်တာတို့၊ ရွေးချယ်တာတို့ ဆိုတာတွေ လုပ်ဖို့ကလည်း ခပ်တွန့်တွန့်ပေါ့။ ဒါကြောင့် ကိုရင်မောင်တင့်သာ ပြောသွားတဲ့ကိစ္စကို လက်ခံရအောင် ဆိုတာကလည်း ခပ်ခက်ခက်ရယ်။ ဒါပေတဲ့ သဘောတော့ အကျသား။ တကယ်ပါ။ လူဆိုတာ နေမလား ... သေမလားကို ရွေးတတ်တယ်ဆိုတာ။ ခုနေအခါမျိုးမှာ မကြာမကြာ အဲဒါမျိုးတွေ စဉ်းစားတတ်တယ် မဟုတ်လား။ စဉ်းစားတတ်တဲ့အရွယ်ကလည်း ရောက်နေပြီ မဟုတ်လား။

မစဉ်းစားလို့ကလည်း ကိုယ့်မှာ ထွေထွေထူးထူး လုပ်စရာမှ မရှိတာ။ ပင်စင်စား၊ ပင်စင်စားနဲ့ တော်ရုံတန်ရုံဆို ဂုဏ်ပုဒ်တစ်ခုလိုလို၊


mgyoe.com

mgyoe.com SAMPLE BOOK
ဘာလိုလိုနဲ့ သေသေချာချာ တွေးကြည့်စမ်းပါ။ ကွေ့ကွေ့ပတ်ပတ် မပြောရင် အမှန်ကတော့ သေမလို့ စောင့်နေတာပဲ မဟုတ်လား။ ရက်ချိန်း မရသေးတာက လွဲလို့ သေဒဏ်က ကျပြီးသားပဲ။ ကြည့်လေ ...။ ခုဆို ကိုယ့်မှာက ဘာမှ လုပ်စရာမရှိတာ။ ဘာတစ်ခုမှ မည်မည်ရရ လုပ်စရာ မရှိတာပဲ။ တစ်ခါတစ်ခါ ကိုယ့်လို ပင်စင်စားကြီးတွေနဲ့တွေ့ရင် ရှင်ပြုတုန်း ရွှေထီးဆောင်းခဲ့ကြတာကို ပါးစပ်အရသာခံပြီး စားမြုံ့ပြန်ရတာက လွဲလို့ ဘာများ ထွေထွေထူးထူး လုပ်စရာရှိလို့တုံး။ ဒီအရွယ်ကျမှလည်း ဟိုတုန်းကလို တက်တက်ကြွကြွ လုပ်ချင်တယ် ဆိုတာတွေကလည်း ဘယ်ရှိတော့ မှာတုံး။

ပြောဦးမယ်။ ဟိုတစ်လောဆီက မြောက်ဘက်က ဆရာဝန်ကလေး လင်မယားအကြောင်း စက်ပိုင် ကိုအောင်ခင်က ပြောပြလို့ ကြားရတယ်။ လင်မယားနှစ်ယောက်စလုံးက စိတ်ရင်း ကောင်းကြရှာပါတယ်။ ကိုယ်တို့ မိတ်ဆွေ ဆရာဝန် ကိုမောင်ကလေးရဲ့ တပည့်တောင် ဖြစ်ဖူးတယ် ထင် တယ်။ ဒီလိုဗျ။ ဖြစ်ချင်တော့ ဆရာဝန်ကလေးမှာ စမောလေး ရှိတဲ့ အကြောင်း သူ့မိန်းမက သိသွားသတဲ့။ ဆရာဝန်ကလေးက ပိုက်ဆံက ပေါတယ် မဟုတ်လား။ အဲဒါနဲ့ အချင်းများကြတယ် ထင်တယ်။ တိုတို ပြောရရင်တော့ ဆရာဝန်ကလေးရဲ့မိန်းမ အိပ်ဆေးတွေ သောက်လိုက် သတဲ့။ ဒါပေတဲ့ ဆရာဝန်ကလေး သိတာက စောသွားလို့ ဘာမှမဖြစ်ဘူး တဲ့။ သူများတကာတွေက ဟိုပြောဒီပြော ပြောနေကြပေတဲ့ ကိုယ်ကတော့ ဆရာဝန်ကလေး မိန်းမဟာ တယ်ဟုတ်ပါလားလို့ တွေးနေမိတယ်။ ဒီကိစ္စဟာ ကိုရင်မောင်တင့်သား ပြောတဲ့ နေမလား ... သေမလား ကိစ္စပဲ လို့ တွေးကြည့်နေမိတယ်။ ဆရာဝန်ကလေး မိန်းမရဲ့ ရွေးချယ်မှု၊ ဆုံး ဖြတ်မှု စတဲ့ သတ္တိကိုလည်း ချီးကျူးမိပါရဲ့။ ဟိုအကောင် ပြောသွားတဲ့ ရွေးချယ်တာ၊ ဆုံးဖြတ်တာတွေကို ပညာတတ်တွေ နားလည်သလိုတော့ သိချင်မှ သိမယ်။ နားလည်ချင်မှ နားလည်မယ်။ ဒါပေတဲ့ ရွေးချယ်ရဲ တယ်။ ဆုံးဖြတ်ရဲတယ်။ အမှန်ပြောရရင် ကိုယ့်ထက် သတ္တိရှိတာကတော့ အမှန်ပဲ။

နောက်တစ်နေ့တော့ ဂေါက်ကွင်းမှာ ဖိုးစောထွန်းနဲ့ တွေ့တယ်။ စကားစပ်မိတာနဲ့ အဲဒီအကြောင်း ပြောတော့ သူက ဆဲပါလေရော။


mgyoe.com

mgyoe.com SAMPLE BOOK

ပြီးတော့ ပြောသေးတယ်။ ငါ့လူ …၊ မင်းသာ အိပ်ဆေးသောက်လို့ကတော့ ဘယ်သူကမှ လာပြီး ဖြေဆေးတိုက်မှာ မဟုတ်ဘူး တဲ့။ ဒီတော့ ကိုယ်ကလည်း သူ့ကို ထပ်ပြီး ရှင်းပြရတယ်။ ကိုရင်မောင်တင့်သား ပြောပြသွားတဲ့ နေမလား … သေမလား ကိစ္စ။ ဒီတော့ ဖိုးစောထွန်းက ပြောပြန်တယ်။ ဟ … အချိန်တန် သွားရမယ့်ကိစ္စ၊ မင်းက ဘာလို့ လောနေတာတုံး၊ ငါက တစ်သက်လုံး ဆုံးဖြတ်ချက်တွေ ချလာပေမဲ့ ဒီကိစ္စမှာတော့ ငါ့ဘာသာ မဆုံးဖြတ်ဘူး၊ အချိန်ပဲပြောပြော၊ ကံတရားပဲပြောပြော၊ ကောင်းကင်ဘုံပဲ ပြောပြော … ပြောချင်ရာ ပြောကွာ၊ အဲဒါတွေရဲ့ အဆုံးအဖြတ်ပဲ ခံတော့မယ်၊ အချိန်တန်မှ သွားမယ်ကွာ … တဲ့။ ဖိုးစောထွန်းက အရင်က စက်ရှင်ဂျဒ် လုပ်လာတာ မဟုတ်လား။ ကိုယ့်လို မဟုတ်ဘူး။ အင်မတန် ထက်တဲ့လူ။ ဒါပေတဲ့ ဒီနေရာမှာတော့ ဘာလို့ အခုလိုမြင်တယ် မသိဘူး။

တစ်ခုတော့ ရှိတယ်။ ကိုယ်လည်း အရင်က ပြောဖူးသားပဲ။ ဖိုးစောထွန်းနဲ့ ကိုယ်နဲ့က တွေးတာကအစ မတူကြဘူး။ ကြည့်လေ။ ပင်စင်ယူပြီးတာတောင် သူက ငြိမ်ငြိမ်နေနိုင်တာမှ မဟုတ်ဘဲ။ ရိပ်သာ သွားပြီး ပိန်ဖောင်းကလေးလည်း မှတ်တယ်။ ဂေါက်သီးလေး ရိုက်လိုက်၊ ဝီစကီလေး သောက်လိုက်လည်း လုပ်တယ်။ အချိန်ပိုသေးရင် ကလေးတွေ ခေါ်ပြီး အင်္ဂလိပ်စာတွေ၊ ဘာတွေ အလကား သင်ပေးသေးတယ်။ အဲဒါနဲ့ ပတ်သက်လို့ ပြောကြတော့ ငါက တစ်ခုခု အောက်ကျူပိုဒ် ဖြစ်နေမှ ကြိုက်တာ … တဲ့။ ကိုယ်ကတော့ ခုမှ ကိုယ်ပိုင်ရတဲ့ အချိန်တွေ၊ တစ်သက်လုံးက အချိန်တွေကို တခြားကိစ္စတွေမှာ သုံးလာရတာ။ ခုမှ ကိုယ့်အတွက် ရတာ။ ဒါကြောင့် ခုမှ ကိုယ့်ဘာသာပိုင်ရတဲ့ အချိန်တွေ ကိုယ့်ဘာသာပဲ သုံးမယ်။ ဘာမှ မလုပ်တော့ဘူး။ ထိုင်ပြီး စဉ်းစားမယ်။ တွေးကြည့်မယ်။ အဖန်တလဲလဲ သုံးသပ်ကြည့်မယ်။ လုပ်စရာမရှိရင် အိမ်နောက်ဖေး ဝရန်တာမှာ ထိုင်ပြီး မြက်တွေ ပေါက်လာတာ ကြည့်မယ်။ ခုလို နေဝင်တာ၊ နေထွက်တာကလေးတွေကို ထိုင်ကြည့်ရင်း သာယာနေမယ်။ ဒါပဲ။ ဒီတော့ ဖိုးစောထွန်းက တစ်ခါပြောသေးတယ်။ ငါ့လူ … အလကားနေရင်း အဲဒါမျိုးတွေ ထိုင်စဉ်းစားနေ၊ မြန်မြန်ချောသွားမယ် … တဲ့။ ဒီတော့ ကိုယ်ကလည်း ပြန်ပြောလိုက်ပါရဲ့။ ချောသွားလည်း ကောင်းသားပဲ၊ ကိုယ်တို့မှာက ဒီကိစ္စပဲ ရှိတော့တာ မဟုတ်လား … လို့။



mgyoe.com

mgyoe.com SAMPLE BOOK

မဟုတ်ပေဘူးလားဗျာ။ ကိုယ့်မှာက ဒီကိစ္စပဲ ရှိတော့တာ။ ဒါကြောင့် တစ်ခါတလေ တွေးကြည့်မိတယ်။ လူ့ဘဝဟာ မီးခလုတ်ကလေးများလို ဆိုရင် ကောင်းမှာပဲလို့။ အသုံးမလိုတဲ့အခါ ပိတ်လိုက်ရုံပဲ မဟုတ်လား။ အေးလေ ... ရှိနေတဲ့ ခလုတ်လေးကိုပဲ မပိတ်ရဲတာလား မသိဘူး။ ခက်တာက ကိုယ်က ငယ်ငယ်ကတည်းက ဘာမှ အယူတွေ၊ အစွဲတွေ မရှိဘူး။ သူများလို ဒီကနေ ဘယ်သွားမယ် ဆိုတာမျိုးတွေ မှန်းမထားဘူး။ ခလုတ်ကလေး ပိတ်ပြီးရင် ပြီးတာပဲလို့ တွေးတယ်။ ထင်တယ်။ အဲဒီလိုတောင် ပြောလို့ မဖြစ်ဘူး။ ကိုယ်က ယုံတယ်လို့ပြောမှ ကောင်းမယ် ထင်တယ်။ ဟုတ်တယ်လေ။ တကယ်လို့ ဖိုးစောထွန်းတို့ တွေးသလိုတွေးရင် ဘယ်သွားကြမလို့လဲဆိုတဲ့ ကိစ္စက ပေါ်လာဦးမယ်။

မဆီမဆိုင်ဗျာ။ တစ်ခု သွားသတိရမိသေးတယ်။ ကိုယ်တို့ ငယ်ငယ်က ရွှေပြန်းသွားကြတဲ့အခါ ခပ်ယစ်ယစ်နဲ့ ဆိုကြတာ တစ်ခုရှိတယ်။ '... တက်ပြင် ရွက်ဆင် ... ရွှေပြန်းဆို ရွာအနောက်ဆီက ... ချောင်းပေါက်ကို ဝင် ... ပြန်ချင်ပြီ ညီမောင်လှရဲ့ ... ပြန်ချင်ပြီ ညီမောင်လှရဲ့ ...' တဲ့။ အဲဒါက လာခဲ့တဲ့နေရာကို ပြန်ချင်တာကိုး။ ခုတော့ ကိုယ်က ဘယ်က လာခဲ့မှန်းမှ မသိတော့ ဘယ်လိုပြန်ရမှန်းလည်း မသိပါဘူး။ ကိုယ့်ဘာသာ ဘယ်ပြန်ရမလဲလို့ တွေးနေမိတတ်တယ်။ အဲဒီလို တွေးလို့လား မသိဘူး။ တချို့က ကိုယ့်ကို 'ရောရောယောင်ယောင် မောင်ဘမောင်'တဲ့။ ခေါ်တော့လည်း ခေါ်စရာပဲ မဟုတ်လား။

ကြည့်လေ။ ခုဆို လတောင် ထွက်လာပြီ။ မနက်ကျရင် အရှေ့က နေထွက်လာဦးမှာပဲ။ လထွက်လာတာ၊ နေထွက်လာတာ အဲဒါတွေဟာ တကယ်တော့ ကိုယ် ဒီနားမှာ ထိုင်ကြည့်နေတာနဲ့ ဆိုင်မှမဆိုင်တာ။ ကိုယ် ရှိနေတဲ့အခါ ကိုယ် သိနေရတယ်။ ဒီတော့ ကိုယ် ရှိနေတာကလေးလည်း အရေးကြီးနေသေးတာပဲ။ ကိုယ်ရှိနေတော့ ကိုယ်က ဆုံးဖြတ်နိုင်သေးတယ်။ ကိုယ်ကပဲ ပစ်ချခံထားရသလို နေနေ၊ ကိုယ်ရှိနေဖို့ကတော့ လိုနေသေးတယ် မဟုတ်ဘူးလား။ ကိုယ် မရှိတော့ဘူးတဲ့။ ဘာဖြစ်သတုံး။ ဘာမှမဖြစ်ဘူး။

ပင်လယ် စာပေနှင့် အနုပညာ မဂ္ဂဇင်း

အတွဲ ၁၊ အမှတ် ၂၊ ၁၉၉၃။



mgyoe.com

mgyoe.com SAMPLE BOOK

# ညဆယ့်နှစ်နာရီတစ်စက္ကန့်

ညက အိပ်ရာဝင်တာ အတော်ကလေး နောက်ကျသွားတယ်။ များသောအားဖြင့်တော့ ကိုယ်က စောစောကလေး အိပ်လေ့ ရှိတယ်။ အိပ်ဆိုကိုယ့်မှာက ဘာမှ ထွေထွေထူးထူး လုပ်စရာမှ မရှိဘဲကိုး။ မနေ့ညကတော့ ကိုယ်တို့ အဘိုးကြီးတစ်သိုက် ဘသော်ကြီး အိမ်မှာ ဆုံကြတယ်။ စကားမစပ် ပြောရဦးမယ်။ အဘိုးကြီးတွေ ဆိုတဲ့ စကားအသုံးအနှုန်းကို ဖိုးစောထွန်းက မကြိုက်လှဘူး။ အသက်အရွယ်ကို မှီပြီး လူတန်းစား ခွဲခြားတာပဲတဲ့။ ဒါကြောင့် ပင်စင်စားကြီးတွေ၊ အငြိမ်းစားကြီးတွေလို့ပဲ ခေါ်သင့်သတဲ့။ ကိုယ်ကတော့ သူ့လောက် ခေါင်းကောင်းတဲ့အကောင် မဟုတ်တော့ ဘာမှ မပြောတတ်ဘူး။ ဘာသာစကားနဲ့ ပတ်သက်ပြီး အဲဒီလိုမျိုးတွေ ခွဲခြမ်းစိတ်ဖြာတာတွေ၊ ဘာတွေ သိပ်နားမလည်ဘူး။ ဒါကြောင့် အဘိုးကြီးပဲ ခေါ်ခေါ်၊ အဘိုးလေးပဲ ခေါ်ခေါ်၊ သေခါနီးကြီးတွေပဲ ခေါ်ဦးတော့ ကိုယ့်အနေနဲ့ ဘာမှပြောစရာ မရှိဘူး။ အဲ ... ခုနကပြောတဲ့ ဘသော်ကြီး အိမ်မှာ ကိုယ်တို့ အဘိုးကြီးတစ်သိုက် ဆုံတဲ့အကြောင်း ပြောရအောင်။

ဒီလိုဗျ။ ဘသော်ကြီးရဲ့ သမက်ကလေးက နိုင်ငံခြားက ပြန်လာတော့ ကိုယ်တို့ အဘိုးကြီး တစ်သိုက်အတွက် ဂလင်ဖီးဒစ် ဝီစကီတစ်လုံး



mgyoe.com

mgyoe.com SAMPLE BOOK
ဝယ်လာပေးတယ်။ ဂလင်ဖီးဒစ်ဆိုတာ မော့ဝီစကီဗျ။ ဒီမှာ အသောက် အပြုများတဲ့ ဂျော်နီဝါကားတို့၊ ဘာတို့ထက် အပုံကြီး ကောင်းသား။ ကိုယ်ကတော့ ဒါမျိုး ဝီစကီ မသောက်ရတာ နှစ်ပေါင်း ကြာခဲ့ပြီပဲ။ အဲဒီ ဝီစကီတစ်လုံးကို အကြောင်းပြုပြီး ကိုယ်တို့တစ်သိုက် ညဘက် ဘသော် ကြီး အိမ်မှာ ဆုံကြတာပဲ။ ဘသော်ကြီး မိန်းမကလည်း အောက်ဘက်က ဆို ထင်ပါရဲ့။ အချက်အပြုတ်က ကောင်းတယ်။ ဒီတော့ ကိုယ်နဲ့ ဖိုး စောထွန်းနဲ့က နေ့လယ်ပိုင်း ဂေါက်ကွင်းမှာ ကိုးကျင်း ရိုက်။ အဲဒီမှာတင် ရေမိုးချိုးပြီး ဘသော်ကြီးအိမ်ကို တန်းသွားကြတယ်။ ဆရာဝန် ကိုမောင် ကလေးကတော့ နောက်မှ လိုက်လာတယ်။ တောင်ဘက်က ဆိတ်ကုလား တွေ တဲစုက မိန်းမကြီးတစ်ယောက် မမာနေတာ ဝင်ကြည့်နေလို့တဲ့။ သူ လာတော့ ဂျော်နီဝါကား အနက်ပတ်တစ်လုံး ယူလာသေးတယ်။ ဘသော်ကြီး အိမ်မှာ အရက် မလောက်မှာစိုးလို့ ထင်ပါရဲ့။

ည ရှစ်နာရီလောက်ကျတော့ ကိုယ်တို့တွေ အတော်ကလေး အရှိန် ရလာလောက်တဲ့ အချိန်မှာ စက်ပိုင် ကိုအောင်ခင် ရောက်လာတယ်။ ဆည်ပေါက်ဘက်က ပြန်လာတယ် ဆိုသလားပဲ။ သူကလည်း လူပျော်ပဲ။ ဆရာဝန် ကိုမောင်ကလေးနဲ့ အလွန်တွဲတဲ့လူ။ ဒီလိုနဲ့ ကိုယ်တို့ ဝိုင်း လည်း အတော်မြိုင်လာတယ်။ ဘသော်ကြီး သမက်ကလေး ယူလာတဲ့ ဝီစကီရော၊ ကိုမောင်ကလေး ယူလာတဲ့ ဝီစကီရော ချောတော့တာပဲ။ ကိုမောင်ကလေးတို့၊ ကိုအောင်ခင်တို့က အလွန် သောက်နိုင်တာကလား။ ဘသော်ကြီး တစ်ယောက်တည်းသာ အသောက်အပြု အင်မတန် ဆင်ခြင် တာ။ ဒါတောင် ကိုယ်တို့အထဲမှာ သူက အသက်အငယ်ဆုံး။ အစား အသောက် အင်မတန် ဆင်ခြင်တာ။ ကိုယ်ကတော့ ဆင်ခြင်လှတယ် မဟုတ်ဘူး။ သတိကလေးတော့ ထားရသပေါ့။ အသက်က ငယ်မှမငယ် တော့ဘဲ။ ကိုယ်က ကိုမောင်ကလေးတို့၊ ကိုအောင်ခင်တို့နဲ့ ရွယ်တူလောက် ပဲ။ ကြီး တစ်နှစ်၊ ငယ် တစ်နှစ်ပေါ့။

ကြုံတုန်း ကိုမောင်ကလေးအကြောင်း ပြောစမ်းပါရစေ။ ဒီလူက လူတစ်မျိုး။ ဆရာဝန်ဆိုပေတဲ့ ဆရာဝန်အလုပ်ကလွဲလို့ ကျန်တာ အကုန် ဝါသနာပါတယ်။ သစ်ပင် စိုက်မယ်ဗျာ။ ကြက်၊ ဝက် မွေးမယ်ဗျာ။ သီချင်း ဆိုမယ်။ ကဗျာ ရေးမယ်။ လမ်းပြင်၊ တံတားဆောက်လည်း သူ


mgyoe.com

mgyoe.com SAMPLE BOOK
ပါတယ်။ အရက် သောက်တယ်။ ဆေးလိပ် သောက်တယ်။ အဲ ... ကျန်းမာရေးအတွက် လေ့ကျင့်ခန်းတွေ၊ ဘာတွေတော့ မလုပ်ဘူး။ ဂေါက်သီး ရိုက်တယ် ဆိုတာတောင် ကိုယ်တို့ အဆွယ်ကောင်းလွန်းလို့။ ရိုက်တာ ကလည်း နည်းနည်းပါ။ ကလပ်လာပြီး ဘီယာသောက်နေတာက များပါတယ်။ ဟိုတုန်း ကတော့ စပါယ်ရှစ်လစ်ကြီးပေါ့။ အနားယူပြီး ဘာမှ ကို မလုပ်တော့ဘူး။ သူများလို အပျင်းပြေ ဆေးခန်းထိုင်တာတွေ၊ ဘာတွေလည်း မရှိဘူး။ သို့ပေတဲ့ ဟိုဘက်ရွာတွေထဲ တဲစုတွေထဲ သွားပြီး လူမမာ ကြည့်ပေးတတ်တယ်။ တစ်ခါကဗျာ တိုင်းဆေးရုံကြီးက သူ့တပည့် တစ်ယောက်နဲ့ ဂေါက်ကွင်းမှာ တွေ့တော့ သူ့ကို ဆရာကြီး ... ခု ဘာတွေလုပ်နေတုံးလို့ မေးတယ်။ ဘာပြန်ဖြေတယ် ထင်တုံး။ ကိုမောင်ကလေးက တောအရက် သောက်တယ်၊ ဆေး အလကား ကုတယ်တဲ့။ ကိုမောင်ကလေးက တကယ်ပဲ အဲဒီလို လူမျိုး။ ကိုအောင်ခင်နဲ့များ ဆုံမိကြတဲ့အခါ ရွာရိုးကိုးပေါက် လျှောက်ပြီး သောက်သောက်စားစားပေါ့။

ကိုယ်လည်း ဒီလိုနဲ့ ဒီမနက်တော့ အိပ်ရာက အထနောက်ကျသွားတယ်။

သို့ပေတဲ့ ညကသောက်တဲ့ အရက်တွေက ကောင်းလို့ ထင်တယ်။ ခေါင်းတွေ၊ ဘာတွေ မကိုက်ဘူး။ မနက်စာစားဖို့ ထမင်းစားပွဲမှာ ထိုင်တော့ ကိုယ့်တပည့် ဖိုးစပ်က စားစရာတွေ ပြင်ပေးရင်း ဆရာကြီး ညက မိုးချုပ်တယ် ထင်ပလို့ မေးတယ်။ ကိုယ်ကတော့ အေး လို့ပဲ ဖြေလိုက်တယ်။ ဖိုးစပ်က အင်မတန် စကားနည်းတယ်။ ရွှေဘို၊ တမာတောဘက်က မေးတစ်ခွန်း၊ ပြော တစ်ခွန်းဆိုတဲ့ လူမျိုး။ ကိုယ့်ဆီမှာ နေလာတာ အနှစ်လေးဆယ် မကဘူး။ ကိုယ် စားဖို့သောက်ဖို့က သူတို့လင်မယားက လုပ်ကိုင်ပေးနေကြတာ။ ကိုယ်က ခုလို ညဘက် အပြင်ထွက်စားတဲ့၊ သောက်တဲ့အခါ နောက်တစ်နေ့မနက်မှာ ထမင်းကြော်ကလေး၊ ဘာလေး ကြိတ်ချင်တယ်။ ဒါကို ဖိုးစပ်တို့ လင်မယားက ကောင်းကောင်း သိနေတော့ ဒီမနက် ကိုယ့်အတွက် ထမင်းကြော်နဲ့ ကော်ဖီကောင်းကောင်းလေး နှပ်ထားပေးကြတယ်။ ကိုယ် ထမင်းကြော်စားနေတုန်း ဖိုးစပ်က မလှမ်းမကမ်းမှာ ဟိုလိုလို ဒီလိုလို လုပ်နေတယ်။ ကိုယ်လည်း ထမင်းကြော်ကလေး စားပြီးလို့ ကော်ဖီသောက်နေတုန်း ဖိုးစပ်က စားပွဲနား လာရပ်ရင်း ဆရာ


mgyoe.com

mgyoe.com SAMPLE BOOK
ကြီး၊ ဒီနေ့ နေထိုင်ကောင်းပါရဲ့နော်လို့ စကားစလိုက်တယ်။ ကိုယ်နဲ့ အနေကြာနေတော့ ဖိုးစပ် အကြောကို သိလိုက်မိတယ်။ ဒီတော့ ဖိုးစပ်၊ မင်း ဘာပြောစရာရှိတုံးလို့ မေးလိုက်တယ်။ ဒီတော့ ဖိုးစပ်က ကာဖီ ကလေး ပြီးအောင် သောက်လိုက်ပါဦး ဆရာကြီးလို့ ပြောရင်း ထမင်းစား စားပွဲအနား ကပ်လာတယ်။ ဘာဖြစ်လို့တုံးကွ၊ မင်းမိန်းမ နွားနို့ကုလား နောက် လိုက်သွားလို့လားလို့ ရယ်စရာ နောက်စရာ မေးလိုက်တယ်။ ဖိုးစပ်က မရယ်မပြုံးနဲ့ ကိုယ့်ဘေးက ကုလားထိုင်တစ်လုံးမှာ ဝင်ထိုင် လိုက်ရင်း ... သတင်းကောင်းတော့ မဟုတ်ဘူး ဆရာကြီးလို့ ပြောလိုက် ပြန်တယ်။ ပြီးတော့ ဖိုးစပ်က ကိုယ့်ကို မကြည့်ဘဲ ကိုယ့်ကို ကျော်ပြီး ပြတင်းပေါက်ကိုကြည့်ရင်း ဆရာဦးမောင်ကလေး ညက ဆုံးသွားတယ် ဆရာကြီးလို့ ပြောလိုက်တယ်။

ကိုယ့်နား ကိုယ် မယုံမိလိုက်ဘူး။ ဖိုးစပ်ပြောတဲ့ စကားလုံးတွေက လေထဲမှာ ပျောက်သွားပေတဲ့၊ အကြောင်းအရာက တည်နေပြီး နားထဲ၊ အသိထဲမှာ စွဲကျန်ရစ်တယ်။ လေထဲက စကားလုံးတွေဟာ ခိုင်ခိုင်မာမာ ပြလို့မရတော့ဘဲ ပျောက်သွားပေတဲ့ သိမှုတစ်ခုထဲမှာတော့ အကြောင်း တစ်ရပ်ဟာ ခိုင်ခိုင်မြဲမြဲ စွဲသွားခဲ့ပြီ။ ကိုယ် ဆင်ခြင်နိုင်တဲ့ စွမ်းရည်ထဲ မှာတော့ ဖိုးစပ် ပြောလိုက်တဲ့ အကြောင်းဟာ ဘယ်လို ဆင်ခြင် ဆက်စပ် ကြည့်လို့မှ မရနိုင်ဘူး။ နားလည်လို့ မရနိုင်ဘူး။ ဒီတော့ ဖိုးစပ်က ဆက် ပြောတယ်။ ဆရာကြီး အိပ်နေတုန်း ဆရာဦးမောင်ကလေး တပည့် မောင်စိန် ဖုန်းဆက်တယ်၊ ညက ဆရာကြီးနဲ့ စားပွဲသောက်ပွဲက ပြန်လာ ပြီး အိမ်ရောက်တော့ အိုက်တယ်ကွာဆိုပြီး ရေချိုးသတဲ့၊ ပြီးတော့ အိမ်ရှေ့ ကပြင်နေရာမှာ ဖျာခင်းခိုင်းပြီး အိပ်တယ်တဲ့၊ မနက်မိုးလင်းလို့ မောင်စိန် က သွားနှိုးတော့ ဆရာဦးမောင်ကလေး အသက် မရှိတော့ဘူးတဲ့။ ဆရာ ကြီး ဦးစောထွန်းလည်း ဖုန်းဆက်တယ်၊ ဆရာကြီး နိုးရင် ပြောပြလိုက်လို့ ကျွန်တော့်ကို မှာထားတယ်၊ ဆရာကြီး ဦးစောထွန်းနဲ့ ပြောချင်ရင် ကျွန် တော် ဆက်ကြည့်လိုက်မယ်လေလို့ ဖိုးစပ်ကပြောတာကို ကိုယ်ကတော့ အသာပဲ ခေါင်းညိတ်ပြနိုင်တော့တယ်။ ကိုယ့်ခေါင်းထဲမှာ စကားလုံး ရှာလို့ မရတော့ဘူး။ ဘယ်ပြေးထွက်ကုန်ကြတယ် မသိဘူး။

ဘဝဆိုတာ ဒါပဲလားလို့ ကိုယ့်ဘာသာ တွေးကြည့်နေမိတယ်။



mgyoe.com

mgyoe.com SAMPLE BOOK
မနေ့ည မအိပ်ခင်အထိ အသက်ရှိနေသေးတဲ့ လူတစ်ယောက်ဟာ ဒီနေ့ မနက် မိုးလင်းလို့ အိပ်ရာကထတော့ မရှိတော့ဘူး။ ရှိတယ် ... မရှိဘူး ဆိုတဲ့ ကိစ္စဟာ ဖြစ်နေခြင်းရဲ့အထဲမှာ ဘယ်လောက် အရေးကြီးနေပါလိမ့်။ ကိုယ်က ရှိသေးတယ်။ သူက မရှိတော့ဘူး။ ကိုယ်က ရှိနေသေးတယ် ဆိုရာမှာ ရုပ်၊ နာမ် နှစ်ခုစလုံး ရှိနေသေးတယ်။ သူက မရှိတော့ဘူး ဆို ပေတဲ့ သူ့ရုပ်ကြီး ရှိနေသေးတယ်။ သူ မရှိတော့တာ သူ သေသွားတာကို ကိုယ်က သိနေသေးတယ်။ ကိုယ် ရှိနေသေးတာကို သူက မသိတော့ဘူး။ သူကမှ မရှိတော့ဘဲကိုး။ ခုလို စဉ်းစားကြည့်နေနိုင်တာက ကိုယ်က ရှိနေ သေးတာကိုး။ ရှိနေလို့ စဉ်းစားကြည့်နိုင်တာပေါ့။ မဟုတ်ပေဘူးလား။ စဉ်းစားနိုင်လို့ ရှိတယ် ပြောရမလား။ ဒီလိုတော့လည်း ဟုတ်ပုံ မရဘူး။ ရှိနေလို့သာ စဉ်းစားနိုင်တယ်လို့တော့ ကိုယ်က ထင်တယ်။ ဒါကြောင့် ရှိနေဖို့တော့ လိုတယ်။ ရှိနေဖို့ကတော့ အရေးကြီးတယ်လို့ ကိုယ်က ထင်တာပဲ။ မဟုတ်ပေဘူးလား။ ကိုယ် စဉ်းစားကြည့်လို့ မရနိုင်ခင်မှာပဲ ဖိုးစပ်က ဆရာကြီး ဦးစောထွန်းကို ခေါ်လို့ရပြီ ဆိုတာနဲ့ ကိုယ်လည်း ဖုန်းလှမ်းယူလိုက်မိတယ်။ ဖုန်းပေါ်မှာ ဖိုးစောထွန်းနဲ့ ဘာတွေ ပြောမိ ကြမှန်းတောင် မမှတ်မိတော့ဘူး။ ဖိုးစောထွန်းက ကိုမောင်ကလေး အိမ် ကို သွားဖို့ နာရီဝက်အတွင်း လာခေါ်မယ်ဆိုတာပဲ မှတ်မိလိုက်တော့တယ်။

ဒီလိုနဲ့ ကိုမောင်ကလေးအိမ် ရောက်သွားကြတယ်။ ဟိုရောက်တော့ လူအတော်ရောက်နေကြပြီ။ တိုင်းဆေးရုံက သူ့တပည့်တပန်း ဆရာဝန် ကြီးတွေက အစ သူ ဆေးကုပေးနေကျ ရွာထဲကလူတွေ၊ ဆိတ်ကုလားတွေ အားလုံး အတော်များများ ရောက်နေကြတယ်။ ကိုယ်ကတော့ လူစုံ မသိ ဘူး။ ကိုမောင်ကလေးတပည့် မောင်စိန်က ကိုယ်တို့ နှစ်ယောက်ကို ခေါင်းရင်းဘက်မှာ နေရာချပေးတယ်။ အတော်ကြာတော့ ဥပမိရုပ် ကောင်းကောင်းနဲ့ လူတစ်ယောက်က ကိုယ်တို့ဆီ လာပြီး ဆရာကြီးတို့၊ စီစဉ်ချင်တာရှိရင် ပြောပါ၊ စီစဉ်ပါလို့ ပြောတယ်။ ကိုယ်ကတော့ ဒါမျိုး တွေ မစီစဉ်တတ်တာနဲ့ ဖိုးစောထွန်းကိုပဲ ခင်ဗျားသာ ကြည့်စီမံပေးလိုက် ပါလို့ ပြောလိုက်မိတယ်။ ခက်တာက ကိုမောင်ကလေးမှာ အိမ်ထောင် မရှိ၊ သားမယား မရှိဘဲကိုး။ နီးနီးစပ်စပ် ဆွေမျိုးဆိုတာတောင် ဘယ်သွား ရှာရမှန်း မသိဘူး။ ဖိုးစောထွန်းနဲ့ မြို့မျက်နှာဖုံးတချို့ ပြောဆိုနေကြ


mgyoe.com

mgyoe.com SAMPLE BOOK
တုန်း ကိုယ်လည်း အသာ ထပြီး ကိုမောင်ကလေး ရုပ်အလောင်းပြင်ထားတဲ့ နေရာအနား သွားကပ် ရပ်ပြီး ရုပ်အလောင်းကို ကြည့်နေမိတယ်။ အဲဒီ တုန်း သူငယ်တစ်ယောက်က ဆရာကြီး၊ ထိုင်ပါလို့ ဆိုပြီး ခုံတစ်လုံး ချပေးတော့ ကိုယ်လည်း ကိုမောင်ကလေးရဲ့ ရုပ်အလောင်းဘေးမှာ အသာထိုင်ရင်း ကြည့်နေမိတယ်။ မနေ့ညက သူနဲ့ ပြောခဲ့ဆိုခဲ့ကြတာ တွေ သွားသတိရနေမိတယ်။ သူ အနားယူပြီး ကိုယ်တို့ မြို့ကလေးကို ပြောင်းလာတာ၊ သူနဲ့ သိရကျွမ်းရတာ၊ ပျော်ခဲ့ ရယ်ခဲ့ကြတာတွေ သတိ ရတော့ ပြုံးများတောင် ပြုံးလိုက်မိသေးတယ်။ သူကတော့ မပြုံးနိုင်တော့ ဘူး။ သူက မရှိတော့ဘူး။ မရှိဘူးဆိုပေတဲ့ ဘယ်ရောက်သွားသလဲလို့ ကိုယ်ကတော့ မပြောနိုင်ဘူး။ သိလည်း မသိဘူး။ သိလည်း မသိချင်ဘူး။ ကိုယ် သိနေတာကတော့ ကိုယ်က ရှိနေသေးတယ် ဆိုတာပဲ။ သူက မရှိ တော့ဘူး။ ခုတွေ့နေရတာက မနေ့ညက ပျော်ပျော်ပါးပါး စားတုန်း သောက်တုန်းက ရှိခဲ့တဲ့ ဆရာဝန် ကိုမောင်ကလေး မဟုတ်တော့ဘူး။ ကိုမောင်ကလေးမှာ ရှိခဲ့တဲ့ဟာတွေ တစ်ခုမှ မရှိတော့ဘူး။ ဒါကြီးကို ရုပ်အလောင်းပဲ ခေါ်ခေါ်၊ ဘာပဲခေါ်ခေါ်၊ ခေါ်ချင်ရာသာ ခေါ်တော့။ မနေ့ညက ကိုမောင်ကလေးတော့ မဟုတ်တော့ဘူး။ လမ်းပေါ်က ကျောက် စရစ်ခဲတွေနဲ့ ဒီဟာကြီး။ မြစ်ထဲက ရေတွေနဲ့ ဒီဟာကြီး။ ဒီဟာကြီးနဲ့ ထိုင်နေတဲ့ ကုလားထိုင်။ ဘာကွာခြားတာ ရှိသလဲ။ ဘာမှ ကွာခြားတာ မရှိဘူးလို့ ကိုယ်တော့ ထင်တယ်။

စိတ်ထဲမတော့ သိပ်မကောင်းလှဘူး။ သို့ပေတဲ့ ဝမ်းတော့ မနည်း လှဘူး။ ကိုယ်လည်း တစ်နေ့တော့ ဒီလမ်းပဲ သွားရမှာကိုး။ လူဖြစ်နေ ရတာအတွက် ပြီးပြည့်စုံအောင် သေပေးရဦးမှာကိုး။ လူ့ဘဝလို့ ပြောဆို နေကြတာက မွေးတာက သေတဲ့အထိ မဟုတ်ဘူးလား။ ဒီတော့ လူရဲ့ အဖြစ်အကြောင်းကို ပြောရင် သေတာကို ချန်ထားလို့ မရဘူး။ မသေသေးရင် ကိစ္စက မပြီးသေးဘူး။ သေကို သေပေးရဦးမှာ။ တာဝန်က ရှိနေသေး တယ်။ ခုတော့ မမျှော်လင့်ဘဲဖြစ်သွားရတာ ဖြစ်ပေတဲ့ ကိုမောင်ကလေး က တာဝန်ကျေသွားသလိုပဲပေါ့။ ကိုယ်တို့မှာက မွေးကတည်းက ကြွေး ဟောင်း ပါလာသလိုပဲ။ ရက်ချိန်း မရသေးလို့ စောင့်နေရသလိုပဲ။ ခုတော့ ကိုမောင်ကလေးက ရက်ချိန်းရသွားတာပဲပေါ့။ တာဝန်ကျေသွားသလိုပဲ။


mgyoe.com

mgyoe.com SAMPLE BOOK

ကိုယ့်အနေနဲ့ စိတ်မကောင်းနေလိုက်မိတာက ကိုယ်တို့ဟာ ဘယ်တော့မှ ပြန်မတွေ့ကြတော့ဘူး ဆိုတာပဲ။

ဘယ်လောက်ကြာအောင် ကိုမောင်ကလေးရဲ့ ရုပ်အလောင်းကို ကြည့်ရင်း တွေးနေမိလိုက်တယ် မသိဘူး။ ဖိုးစောထွန်းက ပခုံး လာပုတ်လိုက်ရင်း ကိုင်း ... ပြန်ကြရအောင်လို့ ပြောမှ ပတ်ဝန်းကျင်ကို ပြန်ပြီး သတိရမိလိုက်တယ်။ မော့ကြည့်လိုက်တော့ အလောင်းစင်ရဲ့ တခြားဘက်မှာ မျက်ရည်တွေတွေကြီး ကျနေတဲ့ ကိုအောင်ခင့်ကို တွေ့လိုက်ရတယ်။ ဖိုးစောထွန်းက ကျူပ် စီစဉ်နိုင်တာတွေ စီစဉ်ပေးခဲ့ပြီလို့လည်း ပြောတယ်။ ပြီးတော့ ပင်စင်စားကြီးတွေလည်း တစ်ယောက်ပြီးတစ်ယောက် ချော ကုန်ပြီ၊ သိပ်မကျန်တော့ဘူး၊ ဒီအထဲ မင်း ပါသွားလို့ မဖြစ်သေးဘူး၊ လာ ... သွားစို့လို့ ခေါ်ရင်း ကိုယ့်လက်မောင်းကို လှမ်းကိုင်လိုက်တယ်။ ဒီတော့ ကိုယ့်စိတ်ထဲမှာ သူမို့ ပြောရက်ပလေတယ်။ သေခြင်းတရားဆိုတာ သူကများ ပိုင်တယ် ထင်နေသလား မသိဘူးလို့ တွေးရင်း အမှတ်မထင် တဟားဟားနဲ့ ရယ်လိုက်မိတော့တယ်။

ဖိုးစောထွန်းနဲ့အတူ အသုဘ လာမေးတဲ့လူတွေ၊ ဝိုင်းဝန်းလုပ်ကိုင်နေသူတွေကတော့ ကိုယ့်ကို တအံ့တဩနဲ့ ကြည့်နေကြလေရဲ့။

■



mgyoe.com

mgyoe.com SAMPLE BOOK

## ချစ်ခြင်းသည် အပြစ်ကင်း၏

ကိစ္စက ကိုယ့်အိမ်က ကိုယ့်ကို ချက်ပြုတ်ကျွေးမွေးရင်း စောင့်ရှောက်နေကြတဲ့ ဖိုးစပ်တို့ လင်မယားကိစ္စပဲ။ ကိုယ်ကလည်း ဒီကလေးကလားကိစ္စတွေထဲ မပါချင်ပါဘူး။ ဒါပေတဲ့ ဖိုးစပ်တစ်ယောက် မလိုလားအပ်ဘဲ ဒေါသဖြစ်မှာလည်း ပူတယ်။ သူ့သမီးကလေး ဆိုတာကလည်း ကိုယ်ကပဲ ကောလိပ်ကျောင်း ထားပေးခဲ့လေတော့ ကိုယ့်သမီးလိုလည်း ဖြစ်နေတော့ ဝင်ပါရတော့တာပေါ့။ ဒီလိုဗျ။

ဖိုးစပ် သမီးလေး ယဉ်မိက တက္ကသိုလ်က ဘွဲ့ကလေး ရပြီးတော့ အထက်တန်းပြဆရာမ လုပ်တော့တယ်။ မိတ္ထီလာနားမှာဆိုတော့ အဲဒီမှာ နေတဲ့ ဖိုးစပ်ကြီးညီ အငယ်ဆုံးကောင် ကျော်စိန်တို့ မိသားစုနဲ့ နေတယ်ပေါ့။ တစ်လ နှစ်လ၊ တစ်ခေါက် နှစ်ခေါက်လောက် ဒီကိုပြန်သပေါ့ဗျာ။ ဒီလိုမဟုတ်လည်း ဖိုးစပ်တို့ လင်မယားက ကြုံတဲ့အခါ ဝင်တွေ့တတ်ကြတယ်။ ဟိုက ကျော်စိန်တို့ လင်မယားကလည်း သားသမီး မရှိလေတော့ ယဉ်မိကို အလွန်စောင့်ရှောက်ရှာတာ။ ကျော်စိန်ဆိုတဲ့ကောင်က ကျောင်းဆရာ လူထွက်။ ခုတော့ မော်တော်ဆိုင်ကယ်တစ်စီးနဲ့ ရွာရိုးကိုးပေါက် လှည့် ကျူရှင်ပြစားနေတယ် ထင်ပါရဲ့။ ဖိုးစပ်လို မဟုတ်ဘူး။ ဟို



mgyoe.com

mgyoe.com SAMPLE BOOK
အကောင်က ဝဝဖိုင့်ဖိုင့်။ နဖူးက ပြောင်ပြောင်။ သူ့မိန်းမကလည်း ဈေးထဲမှာ ဖိနပ်ဆိုင်တွေ ဘာတွေ ရှိတယ်။ ဒီတော့ ယဉ်မိ အဲဒီမှာနေရတာ အလွန် အဆင်ပြေပေါ့။

တစ်နေ့တော့ ကျော်စိန် ပေါက်ချလာတယ်။ အမှန်တော့ ကျော်စိန် လာတာက အဆန်းမှ မဟုတ်တာ။ ဒီကောင်က ဒီဘက်လာလာပြီး ချိုးပစ်၊ ချိုးတည် လုပ်တတ်တယ်။ ကိုယ့်ခြံထဲမှာ သူ့ဂျစ်ကားကလေး ထားပြီး တစ်နေကုန် တောင်ရိုးတက်ပြီး ချိုးပစ်လေ့ ရှိတယ်။ ဒီတစ်ခါတော့ အဲသလို မဟုတ်ဘူး။ အဲဒီတုန်းက ကိုရင်မောင်တင့် သားလည်း ရောက်နေတာကိုး။ ကျော်စိန်နဲ့ ကိုရင်မောင်တင့် သားကလည်း အဖွဲ့ကျတယ်။ နှစ်ယောက်စလုံးက သောက်လည်း သောက်နိုင်တယ်ဗျ။ အဲဒီနေ့က တောင်ခိုးတွေ ဝေနေတာနဲ့ပဲ ကိုယ်လည်း လမ်းလျှောက်မထွက်နိုင်တာနဲ့ နောက်ဖေး ဝရန်တာမှာ ကိုရင်မောင်တင့် သားနဲ့ စကားစမြည် ပြောနေကြတယ်။ အဲဒီတုန်း ကျော်စိန် ရောက်လာတာပဲ။ ဒီတော့လည်း ကိုရင်မောင်တင့် သားက သူနဲ့ ပါလာတဲ့ ဝီစကီတစ်ပုလင်း ဖောက်ဖြစ်သွားတာပေါ့။ အဲဒီတုန်းက ဖိုးစပ်တို့လင်မယား ညနေဈေး သွားကြတယ်။

လိုရင်း ပြောရရင်တော့ဗျာ၊ ကျော်စိန် လာတာက ယဉ်မိကို ယောကျ်ားပေးစားဖို့ ကိစ္စပဲ။ ကျော်စိန်ပြောလို့ သိရတာက ယဉ်မိ ကောလိပ်ကျောင်း နေကတည်းက ကောင်ကလေးတစ်ယောက်နဲ့ ကြိုက်နေတာ။ ကောင်ကလေးကလည်း သူ့လိုပဲ ကျောင်းဆရာတဲ့။ အရင်က ရန်ကုန်မှာတဲ့။ ခုတော့ ဒီကိုပြောင်းလာတာ ကိုးလ၊ ဆယ်လလောက် ရှိသွားပတဲ့။ အဲဒါ သူက ကောင်ကလေးနဲ့လည်း စကားပြောဆိုကြည့်တယ်။ မကြာခင်ကလည်း ကောင်ကလေး အစ်ကိုကြီးဆိုတာက တာဝန်နဲ့ ခရီးသွားရင်း လမ်းကြုံဝင်လာပြီး ကျော်စိန့်ကိုပဲ ကြည့်စီမံပေးဖို့ အပ်သွားလေတော့ ကျော်စိန်လည်း ဒီပေါက်ချလာရတော့တာပဲတဲ့။ ဒီတော့ ကျော်စိန်က ထုံးစံအတိုင်း ဒါ ဆရာကြီး တာဝန်ပဲ၊ ဆရာကြီးက အသက်အကြီးဆုံးလို့ ပြောတယ်။

ထုံးစံအတိုင်းလို့ ပြောတာကို ကိုယ်က နည်းနည်း ရှင်းရလိမ့်မယ်။ တခြားတော့ မဟုတ်ပါဘူး။ အရင်ကတည်းက ဒီကောင်က ပြောလေ့ ရှိလွန်းလို့ပါပဲ။ ကိုယ်တို့ စကားပြောလေ့ရှိတိုင်း တစ်ခုခု ဆုံးဖြတ်စရာ၊


mgyoe.com

mgyoe.com SAMPLE BOOK
မှတ်ချက်ချစရာများ ရှိလာခဲ့ရင် ဒီကောင်က ဆရာကြီး၊ ဆရာကြီးက အသက်အကြီးဆုံး၊ ဆရာကြီးမှာ တာဝန်ရှိတယ်လို့ ပြောလေ့ရှိသဗျ။ ကိုယ်က အသက်ကြီးတာတော့ အမှန်ပေါ့။ သို့ပေသိ နေရာတကာမှာ အသိဆုံးတော့ မဖြစ်နိုင်ဘူး ထင်တယ်။ ဒါကြောင့် ဟကောင် ... ဒီကိစ္စက မင်း တကူးတကနဲ့ ငါ့အိမ်ပေါ် တင်လာတာ၊ မင်းတို့ညီအစ်ကို နှစ်ယောက် ကြည့်ရှင်းကြပေါ့လို့ ပြောလိုက်မိတယ်။ အဲဒီတော့မှ ကျော်စိန်က ဆရာကြီးရယ်၊ ယဉ်မိဟာ ဆရာကြီး သမီးလိုပါပဲ၊ ဆရာကြီး မပါလို့ ဘယ်ဖြစ်မှာတုံး၊ ကိုဖိုးစပ် ဒေါ်သ ဆရာကြီးလည်း အသိသားပဲ၊ သန်းယဉ်မ ကိုတော့ ကျွန်တော် အနည်းအကျဉ်း ပြောပြထားပြီးသားပါ၊ သန်းယဉ်မက အမေဆိုပေသိ ဆရာကြီးတို့၊ ကျွန်တော်တို့ သင့်တယ်ထင်ရင် ပြီးတာပဲလို့ ပြောဖူးတယ်၊ ကိုဖိုးစပ်ကသာ သူ့သမီးကလေး ငယ်သေးတယ် ထင်နေတာ၊ ကျွန်တော်ချည်း ပြောရင် ထထိုးနေမှာဗျလို့ ပြောတယ်။ ကိုယ်ကလည်း ရယ်ရင်း မင်း စေတနာက ထိုးရင်ထိုး ငါ့ကို ထိုးစေတော့ ဆိုတဲ့ စေတနာမျိုး မဟုတ်လား ပြောလိုက်မိတယ်။

အဲဒီအခါ ကိုယ်တို့ပြောနေတာ နားထောင်နေတဲ့ ကိုရင်မောင်တင့်သားက နေပါဦး၊ ဦးလေးစိန်ရဲ့။ သူတို့ချင်းက ကြိုက်နေကြတာ မဟုတ်လား၊ ဘာပြဿနာရှိလို့တုံးလို့ ဝင်မေးတယ်။ ဒီတော့ ကျော်စိန်က ရှင်းပြတယ်။ ဒီလိုကွ၊ ဖိုးစပ်ကြီးက သူ့သမီးကို ဆိုင်က ဝယ်လာတဲ့ ကော်ပတ်ရုပ်ကလေးများလို မှန်ဗီရိုထဲထည့် ကြည့်ချင်နေတာ။ သူ့တစ်သက် သူ့သမီးလေးကို ဒီလိုပဲ ထားချင်တာ။ ဒီလိုပဲ ထားချင်ရုံ မကဘူး၊ ဒီလိုပဲ နေလိမ့်မယ်လို့ ထင်ထားတာ။ ဒို့ပြင် တည့်တည့် ပြောရရင်တော့ကွာ မင်းနဲ့ မင့်ဆရာဝန်မကလေး ဘာတဲ့ ... အယ်မလီ၊ ဟုတ်ပြီ။ မင်းတို့နေတာထိုင်တာမျိုးလည်း သဘောကျပုံရတယ်။ တစ်ခါက ယဉ်မိကိုတောင် ပြောသေး ဆိုပဲ၊ ဦးလေးတင့်သားနဲ့ သူ့မိတ်ဆွေ ဆရာဝန်မကလေးကို ကြည့်စမ်း။ ဘယ်လောက် သဘောကျဖို့ ကောင်းသလဲတဲ့။ ဒီတော့ ကိုယ်တို့ သုံးယောက် မျက်လုံးတွေ ဆိုင်သွားကြတယ်။ ပြီးမှ ကိုယ်က ကိုရင်မောင်တင့်သားကို ပြောလိုက်မိတယ်။ ကိုင်း ...၊ ဒီကိစ္စ မင်းလည်း ပါတယ်၊ ဖိုးစပ်တို့ လင်မယား ပြန်လာတဲ့အခါ ဖိုးစပ်ကြီးကို နားဝင်အောင် ရှင်းကြသေးတာပေါ့။



mgyoe.com

mgyoe.com
SAMPLE BOOK

ကိုယ်တို့လည်း ဖိုးစပ်တို့လင်မယား ဈေးကအပြန်ကို စောင့်ကြရင်း စကားဆက်ကြတဲ့အခါ ကိုရင်မောင်တင့် သားက ဘာဖြစ်လို့ ကျွန်တော်နဲ့ အယ်မလီရဲ့ ဆက်ဆံရေးကို ဦးလေးစပ်က သဘောကျရတာလဲလို့ ကျော်စိန့်ကို မေးတယ်။ ဒီတော့လည်း ကျော်စိန်က ရှင်းပြတယ်။ ငါလည်း အသေအချာတော့ မပြောနိုင်ဘူး။ တစ်ခါက ဖိုးစပ်ကြီးက သူ့သမီးကို အိမ်ထောင်ရေးအကြောင်း၊ ဘာအကြောင်း ပြောတုန်း ငါ့ရှေ့တင် မင်းတို့ကို နမူနာပေး ပြောတာ ကြားရဖူးတယ်။ သမီး ... ဦးလေးတင့်သားကို ကြည့်တဲ့။ သူနဲ့ သူ့မိတ်ဆွေ ဆရာဝန်မလေးဟာ ခုချိန်ထိ တစ်ယောက်နဲ့ တစ်ယောက် သူငယ်ချင်းတွေလိုပဲတဲ့။ သူတို့ဟာ ငယ်ငယ်တည်းက အတူ ကြီးလာကြပြီး သူငယ်ချင်းတွေဖြစ်နေကြတာ ခုထိပဲတဲ့။ အဲဒီချစ်ခြင်းဟာ အပြစ်ကင်းတယ်တဲ့။ ဒီတော့ အနားက နားထောင်နေမိတဲ့ ငါက မနေနိုင်လို့ ဝင်ပြောမိသေးတယ်။ ကောင်းတော့ ကောင်းတာပေါ့ကွာ။ သို့ပေသိ လူတိုင်း နေနိုင်တဲ့ ကိစ္စမျိုးမှ မဟုတ်တာလို့ ပြောလိုက်မိတယ်။ ဒီတော့ ကိုရင်မောင်တင့် သားက ပြုံးတယ်။ ကျော်စိန်ကပဲ ဆက်ပြီး မင်းတို့ဟာက ဘာခေါ်လဲ၊ ပလာတိုနစ်လားလို့ မေးတယ်။ ကိုယ်ကတော့ ဘာမှန်း မသိဘူး။ သို့ပေတဲ့ မသိသလို သိသလို နေလိုက်တယ်။ ကိုရင်မောင်တင့် သားက ပြုံးလို့သာ နေတော့တာကိုး။

ဒီတုန်း ဖိုးစပ်တို့ လင်မယား ပြန်ရောက်လာတယ်။ လာတာနဲ့ သန်းယဉ်မက အရိပ်အကဲ သိတော့ သူ့ယောကျ်ားကို သွား ... ဆရာကြီးတို့နဲ့ စကားပြောချေ၊ ကျွန်မ အမြည်းလုပ်ပေးမယ်လို့ ပြောရင်း ဖိုးစပ်ကို ကိုယ်တို့ဆီ လွှတ်လိုက်တယ်။ ဖိုးစပ်က ကိုယ်တို့လို အရက်ကြိုက်တတ်တာ မဟုတ်ဘူး။ ဘီယာကလေး တစ်ပုလင်းလောက်ကို တစ်နာရီလောက်ကြာအောင် သောက်တဲ့လူမျိုး။ ဖိုးစပ်က ကိုယ်တို့ဝိုင်းမှာ ထိုင်မယ်လုပ်ရင်း ဘာတွေများ ဆွေးနွေးနေကြတုံးလို့ ဆိုတယ်။ ဒီတော့ ဖိုးစပ်အတွက် ဘီယာတစ်ပုလင်း ဖောက်နေရင်း ကိုရင်မောင်တင့်သားက ဦးလေးစပ်သမီး ယောကျ်ားပေးစားဖို့အကြောင်း ပြောနေကြတာလို့ တည့်တည့်ကြီး ပြောလိုက်ပါလေရော။ ဖိုးကျော်စိန်ရော ကိုယ်ပါ ဘာပြောရမှန်းမသိ ဖြစ်သွားတယ်။ ဒီနေ့မှ ဖိုးစပ်ကလည်း စိတ်ကောင်းဝင်နေပုံရတယ်။ ကောင်းသားပဲ၊ ဒါ့ထက် မောင်ရင်တို့ကကော ဘယ်တော့ လက်ထပ်ကြမှာတုံးလို့ ကိုရင်


mgyoe.com

mgyoe.com SAMPLE BOOK
မောင်တင့် သားကို ပြန်နောက်လိုက်တယ်။ ကျွန်တော်တို့က ကြီးပြီ၊ ကျွန်တော်ဆို ဒီနှစ် လေးဆယ့်ငါး ရှိသွားပြီ။ အယ်မလီ ဆိုရင်လည်း ကျွန်တော့်ထက် သုံးနှစ်တည်း ငယ်တာ။ ယဉ်မိတို့က ငယ်သေးတယ်၊ ကိုင်း … ထိုင်ပါဦး၊ ကျွန်တော်တို့ အေးအေးဆေးဆေး ပြောကြတာပေါ့ တဲ့။

ဒီလိုနဲ့ တိုတိုပြောရရင် ဖိုးစပ်ကို သူ့သမီး အိမ်ထောင်ချဖို့ကိစ္စကို ပြောဖြစ်သွားကြတယ်ပေါ့။ ပထမတော့ ဖိုးစပ်ကြီးက သိပ်မကြိုက်ချင်ဘူး။ ဒါပေသိ ကိုယ်တို့ဘက်မှာက စကားပြောကောင်းတဲ့ ကျောင်းဆရာ လူထွက်နှစ်ယောက် ပါတာကိုး။ ကိုရင်မောင်တင့် သားရယ်၊ ကျော်စိန် ရယ်လေ။ အဆုံးတော့ ဆရာကြီးတို့ သင့်သလိုပဲ ဖြစ်ရတာပေါ့။ ဒါပေတဲ့ ဖိုးစပ်က နဂိုကတည်းက စိတ်ထဲ မရှင်းပုံပေါ်နေတဲ့ ကိုရင်မောင်တင့် သားနဲ့ သူ့သူငယ်ချင်း ကောင်မလေးအကြောင်း မေးတယ်။ ကျွန်တော် တို့ကတော့ ဒီလိုပါပဲ ဦးလေးစပ်ရာ။ ချစ်ခြင်းမှာ အနှောင်အတည်း မထားတဲ့ သဘောပေါ့။ ချစ်ခြင်းရဲ့ နောက်ဆက်တွဲအဖြစ် ဘာမှ ထည့် မထားဘူး။ ချစ်ခြင်းကို အရိုးသားဆုံး အနေအထားတစ်ခုမှာပဲ ထားတယ်။ အဓိက ကတော့ ဒါပါပဲ လို့ ဖြေတယ်။ ဒီတော့မှပဲ ကိုယ်တို့ သုံးယောက် သား အစကတည်းက နားမလည်ပုံရတဲ့ အကြောင်းတစ်ခုဟာ တရားဝင် နားမလည်ဘူး ဖြစ်သွားတော့တာပါပဲ။ ဒီတော့ ကျော်စိန်ကပဲ မောင်ရင် … ရှင်းတော့ ရှင်းဦး၊ တို့ ခေါင်းအေးအေးထားရမယ့် အရွယ်ကျကာမှ ရှုပ်မထားခဲ့နဲ့ဟေ့လို့ ပြောတယ်။

ဒီအခါ ကိုရင်မောင်တင့်သားက ကိုယ့်ကို ဦးတည်ပြီး ဒီလို ပြော တယ်။

ဒီလို ဘထွေးရ။ ကျွန်တော်တို့ အခုထိုင်နေကြတဲ့ လူတွေအားလုံး ဟာ မချစ်ဖူးတဲ့လူ၊ မချစ်ခဲ့ဖူးတဲ့လူ မရှိဘူး၊ အချစ်မခံရဖူးတဲ့ လူတော့ ရှိကောင်း ရှိမယ်။ ဒါကိုတော့ ကျွန်တော်တို့ မပြောနိုင်ဘူး။ ဒါပေတဲ့ ချစ်ခြင်းကို ချစ်ခြင်းအတိုင်း လက်မခံကြဘဲ နောက်ဆက်တွဲ ဆင့်ပွား ချဲ့ကားထားတဲ့ နားလည်မှုတွေအနေနဲ့ လက်ခံထားကြတာ များတယ်။ ဥပမာ၊ ချစ်ခြင်းကို ပိုင်ဆိုင်မှုအဖြစ်၊ သွေးသား တော်စပ်လိုမှုအဖြစ်၊ ပုဂ္ဂလိက ကျေနပ်လိုမှုအဖြစ်၊ ပြန်လည် အချစ်ခံရခြင်းကို တန်ဖိုးတစ်ခု


mgyoe.com

mgyoe.com SAMPLE BOOK
ဂုဏ်ရည်တစ်ခုအဖြစ်နဲ့ ပိုပြီး နားလည်လက်ခံကြတယ်။ ဒီအခါ ချစ်ခြင်းရဲ့ ရိုးဂုဏ်တွေ၊ စစ်မှန်မှုတွေ ပျောက်ဆုံးသွားတယ်။

ခုမှ ကိုယ်တို့ ဒုက္ခတွေ့တော့တာ။ သင်းပြောတာ ရှင်းလေ ရှုပ်လေ ကိုး။ ဖိုးကျော်စိန်ကတော့ ကျောင်းဆရာလူထွက်ဆိုတော့လည်း ကိုယ်တို့ထက် ပိုနားလည်ပုံရတယ်။ ဒီတော့ သူကပဲ မေးနိုင်တယ်။ မောင်ရင် ပြောချင်တဲ့ ချစ်ခြင်းဆိုတာက ဘာတုံးဆိုတာ ပြောဦးကွ လို့ ပြောတယ်။ ဒီလို ဦးလေးစိန်ရဲ့၊ 'ချစ်ခြင်း'ဆိုတာ 'ချစ်ခြင်း' ပဲ၊ ဘာသာစကားနဲ့ တည်ဆောက်ထားတဲ့ 'အသိ'တစ်ခုပဲ။ ဒီ့ထက် ဘာမှမပိုဘူး။ တစ်နည်း ခပ်ကျယ်ကျယ်ပြန့်ပြန့် ပြောချင်ရင် 'ချစ်ခြင်း'ဟာ သမုတိ သဘောဆောင်တဲ့ အသိတစ်ခုပဲ။ ဒါကြောင့် အလွမ်းအဆွေး ရေးတဲ့ ကဗျာဆရာကြီးတွေက 'ချစ်ခြင်းသည် မြဲ၏'၊ 'ချစ်ခြင်းသည် စစ်မှန်၏' စသဖြင့် ရေးကြတာပေါ့၊ ဟုတ်တာပေါ့။ 'ချစ်ခြင်း'က 'ချစ်ခြင်း'ပဲကိုး။ မြဲတာပေါ့။ အသိကသာ ပြောင်းလဲသွားတာ၊ 'ချစ်ခြင်း'အပေါ် နားလည်မှုကသာ ပြောင်းလဲသွားတာလို့ ကိုရင်မောင်တင့် သားက ဖြေတယ်။ ဒီတော့ ကိုယ်လည်း မနေသာဘူး။ ဟန်ဆောင် လူတတ်လုပ်နေလို့ မဖြစ်တော့ဘူး။ ကလေးကလားဆန်ချင် ဆန်နေမယ်။ မေးတော့ မေးရဦးမှလို့ သဘောရတယ်။

ဒီတုန်း ကိုရင်မောင်တင့် သားက ဆက်ပြောတယ်။ ချစ်ခြင်းကို ငယ်စဉ်အခါက စိတ်လှုပ်ရှားမှုတွေ၊ သွေးသားတောင်းဆိုမှုတွေ အခြေခံပြီး လက်ခံတဲ့အခါ ချစ်ခြင်းရဲ့ လောဘတွေ၊ ဒေါသတွေ၊ မောဟတွေဟာ အများကြီးပဲ။ ပြီးတော့ ဒီလို မဟုတ်တော့ဘူး။ ချစ်ခြင်းကို ဆင်ခြင်တုံတရားနဲ့ ကြည့်လာကြတယ်၊ တစ်နည်းပြောရင်တော့ ဘထွေးရာ ... ကြီးတဲ့အခါ နားလည်တဲ့ချစ်ခြင်းဟာ တန်ဖိုးအားဖြင့် ပြောကြစတမ်းဆိုရင် ငယ်စဉ်က ရူးရူးမိုက်မိုက်ချစ်ခြင်းနဲ့ မတူတော့ဘူး။ တန်ဖိုး ပိုရှိလာတယ်။ ဆင်ခြင်တုံတရားနဲ့ လက်ခံတဲ့ အချစ်ဟာ တန်ဖိုးပိုကြီးပါတယ်လို့ ဆိုတယ်။ ဒီတုန်း ကျော်စိန်က သူ့အစ်ကို ဖိုးစပ်ကြီးကို နှောက်တယ်။ ဟေ့ ... မောင်စပ်၊ မင့်သမီး ယောက်ျား မြန်မြန်ပေးစားရင် ပေးစား၊ မတော်လို့ သူ့လို အတွေးအခေါ်မျိုးတွေ ဖြစ်လာရင် တစ်သက်လုံး ယောက်ျား မယူတော့ဘဲ နေလို့ မင်းနဲ့ငါ အိမ်ဦးခန်းက တင်ကျွေးနေရဦးမယ်တဲ့။ ဒီတော့ ဖိုးစပ်က ရယ်တယ်။ ကိုယ်လည်း မနေသာဘူး။


mgyoe.com

mgyoe.com SAMPLE BOOK
မေးစရာတော့ မေးဖြစ်လိုက်တယ်။ မင်းပြောတာက 'ချစ်ခြင်း'ဟာ အသိတစ်ခုသက်သက်ပဲဆိုတော့ ဟုတ်ပါ့မလားကွာလို့ မေးတော့ ကိုရင်မောင်တင့် သားက ဒီလိုလေ ဘထွေးရဲ့ ... အစချီပြီး ရှင်းတော့တာကိုး။

ချစ်ခြင်းမှာ ဆိုးတာ ကောင်းတာ၊ မှန်တာ မှားတာ မရှိဘူး။ ချစ်ခြင်းကို လက်ခံသုံးစွဲတဲ့သူမှာသာ အဲဒီတန်ဖိုးဖြတ်မှုတွေ ရှိတာ။ ဒါကြောင့် လူတွေမှာ ချစ်ခြင်းရဲ့အနေအထားဟာ မတူကြတာပေါ့။ တစ်နည်း ပြောရရင် ချစ်ခြင်းဟာ လက်ခံသုံးစွဲတဲ့သူအပေါ်မှာ တည်တာ။ ကိုယ့်အကြိုက်၊ ကိုယ့်ဘဝနဲ့ ယှဉ်ပြီး တည်ဆောက်ယူကြတာ။ တစ်ထပ်တည်းကျတဲ့ ချစ်ခြင်းနှစ်ခု ဘယ်တော့မှ မရှိနိုင်ဘူးလို့တောင် ဆိုကြတယ်။ ခပ်လွယ်လွယ် ပြောရရင် ဘထွေးနဲ့ ဒေါ်ဒေါ်လေးအကြောင်း ပြန်စဉ်းစားကြည့်လေ။ဘထွေးနဲ့ ဒေါ်ဒေါ်လေးတို့က လူကြီးတွေ ပေးစားလို့ အကြောင်းပါတာ မဟုတ်လား။ ဒါပေတဲ့ အိမ်ထောင်တစ်ခုရယ်လို့ ဖြစ်လာတဲ့အခါ ချစ်ခြင်းဟာ သူ့ဘာသာ ရောက်လာတာပဲ။ ဘထွေးတို့ အိမ်ထောင်ရေးဟာ အသက်ထက်ဆုံး မြဲတယ် ဆိုရမှာပဲ။ မြဲတာဟာ တခြားအကြောင်းတွေကြောင့်ပဲ။ ဘထွေးတို့က 'ချစ်ခြင်း'ကို 'ချစ်ခြင်း'ထက် ပိုပြီး နေရာမပေးခဲ့ဘူး မဟုတ်လား ...။

ခုတော့ ကိုယ့်မှာ ပိုစဉ်းစားစရာ ဖြစ်ရတာပေါ့။ သင်း ပြောသလိုပဲ။ ကိုယ်တို့လင်မယားအကြား ချစ်တယ် ... မချစ်ဘူးဆိုတဲ့ ကိစ္စကို တစ်ခါမှ မေးစမ်းတောင် မကြည့်ခဲ့ကြဘူးကိုး။ ခုမှ ရိပ်သာမှာ ဘာဝနာပွားနေတဲ့ ကျောင်းအစ်မကြီးကို နင်နဲ့ ငါ ချစ်ခဲ့ကြဖူးသလားလို့ သွားမေးပြန်ရင်လည်း အလကား အအော်ခံရဦးမှာ။ ကိုယ့်ဘဝမှာကလည်း ချစ်တယ်ဆိုတဲ့ ကိစ္စဟာ တစ်ခါကမှ မကြီးကျယ်ခဲ့တာကိုး။ တက္ကသိုလ်ကျောင်းသားဘဝက ဆိုလည်း မျက်စိကျတာတို့၊ ဘာတို့တော့ ရှိခဲ့တာကိုး။ ဒါကလည်း လူငယ်တို့ ဘာသာဘာဝ မဟုတ်လား။ ခုမှပဲ ကိုယ့်ဘာသာ စဉ်းစားကြည့်ရတယ်။ ဘာတုံး ... 'ချစ်ခြင်း'ဆိုတာ။ ငယ်ငယ်က နားလည်ခဲ့တဲ့ တပ်မက်မှု ဆိုတာကတော့ ချစ်ခြင်း မဟုတ်ဘူး ဆိုတာ သင်းပြောလို့ သဘောပေါက်မိသလိုတော့ ရှိသား။ အသက်ကပဲ ခုနစ်ဆယ်ကျော်လာတော့ စဉ်းစားရတာကိုက သိပ်စိတ်ဝင်စားစရာ မကောင်းတော့ဘူး။ ရေစကြာလမ်းထဲက တောပြန်ကြီး ဗိုလ်အောင်လင်း ပြောသလို ပြော


mgyoe.com

mgyoe.com SAMPLE BOOK
ရရင် ခုနေတော့ ခြင် ဘာလို့ ကိုက်တယ် ဆိုတာက ပိုစိတ်ဝင်စားစရာပဲ။ ဒါပေတဲ့ စဉ်းစားကြည့်နေချင်တယ်။ အဲဒါကို ကိုယ်က ပြောပြတော့ ကိုရင်မောင်တင့် သားက ဘထွေး ...၊ ဘယ်သူက စဉ်းစားခိုင်းလို့တုံး။ ကိုယ့်အတွက် ဘာမှ အကျိုးမရှိတော့တဲ့ ကိစ္စတစ်ခုကို ဘာလို့ စဉ်းစားနေတော့မှာတုံးတဲ့။ ဒါလည်း ဟုတ်တုတ်တုတ်။ 'ချစ်ခြင်း' ဆိုတာက 'ချစ်ခြင်း' ပဲတဲ့။ ဘာမှ မဟုတ်ဘူးတဲ့။

ဒီတုန်း သန်းယဉ်မ ရောက်လာတော့ စကားပြတ်သွားကြတယ်။ ဖိုးစပ်ကြီးက သူ့မိန်းမကို သူ့သမီး အိမ်ထောင်ချဖို့ကိစ္စ ပြောတယ်။ ကျော်စိန်နဲ့ ကိုရင်မောင်တင့် သားက ခပ်လှမ်းလှမ်းက ပျံနေကြတဲ့ ငှက်တစ်အုပ်ကို ကြည့်ပြီး ချိုးတည်တဲ့အကြောင်း ပြောနေကြတယ်။ ကိုယ်က တော့ တောင်ရိုးနောက်ဘက်က ဝင်တော့မယ့် နေရောင်ခြည်ကို ကြည့်ပြီး သာယာနေမိသလား၊ ဝမ်းနည်းနေမိသလား မသိဘူး။ စဉ်းစားစရာ မလို ဘူး ဆိုကာမှ စဉ်းစားစရာတွေ အပုံကြီးပဲ။ မအိပ်ခင်တော့ မိုဂါဒွန်တစ်ပြား လောက်တော့ သောက်မှ ထင်တယ်။ ဒီအတိုင်းဆိုရင် အိပ်ပျော်တော့မှာ မဟုတ်ဘူး။

ရန့်သစ်မဂ္ဂဇင်း

အမှတ် ၇၃၊ ဇန်နဝါရီ၊ ၂၀၀၀။


mgyoe.com

mgyoe.com SAMPLE BOOK

# ထိုယောက်ျားကားမိုက်၏
# ထိုယောက်ျားတို့ကားမလိမ္မာကြကုန်

အင်း ... ခင်ဗျားနဲ့တောင် မတွေ့တာ ကြာပြီကိုး။ မတွေ့ဆို အိမ်မှာ ကိုရင်မောင်တင့် သားနဲ့ သူ့မိတ်ဆွေ ရောက်နေလို့။ ကိုယ်ရင်မောင်တင့် သားတော့ ခင်ဗျား တွေ့ဖူးသား မဟုတ်လား။ ဟိုတုန်းက ကောလိပ်ကျောင်းမှာ ဖီလိုဆိုဖီတို့၊ ဘာတို့ သင်နေတဲ့ အကောင်လေ။ ခုတော့ အရုပ်ရေး၊ စာရေးနေတဲ့ ကောင်လေဗျာ။ သူနဲ့ပါလာတဲ့ မိတ်ဆွေဆိုတာက ကျောင်းအုပ်ဆရာကြီးဆိုပဲ။ ပြည်ဘက်ကလို့ ဆိုတယ်။ လူက ခပ်ဖိုင့်ဖိုင့်ရယ်။ လူက လူအေးဗျ။ ကိုယ်တို့ ညနေတိုင်း ဝီစကီလေး၊ ဘာလေး သောက်ပြီး ငြင်းခုံတဲ့အခါ သူက နားထောင်သမား။ ငြင်းခုံတယ် ဆိုလို့ ပြောရဦးမယ်။ ကိုရင်မောင်တင့် သားက ငြင်းခုံတယ်လို့ဆိုရင် အာဃာတ ဖြစ်လိုမှုသဘော ပါသတဲ့။ ဒါကြောင့် အသိပညာ တစ်စုံတစ်ရာအတွက် အချေအတင် နှီးနှောခြင်းလို့သာ ခေါ်သင့်တယ်တဲ့။ ကိုယ်တော့ သိပ်သေသေချာချာ မသိဘူး။ သို့ပေတဲ့ နားထောင်လို့တော့ ခပ်ကောင်းကောင်း။ နှီးနှောတယ် ဆိုတော့လည်း အာဃာတနည်းတယ်လို့ ဆိုနိုင်သပေါ့လေ။ ထားပါတော့။ ဘယ်လိုခေါ်ခေါ်။ ငြင်းတော့ ငြင်းတဲ့သဘော ထင်ပါရဲ့။ ပညာပါပါကလေး ပြောကြတာနဲ့ ထဆဲကြတာတော့ ကွာမှာပေါ့။

ဒီကောင် ကိုယ့်ဆီက ပြန်သွားတာ ဘာကြာသေးလို့လဲ။ ရန်ကုန်



mgyoe.com

mgyoe.com
SAMPLE BOOK
တောင် ပြန်ရောက်ပုံ မရပါဘူး။ သူ့မိတ်ဆွေ ကျောင်းအုပ်ဆရာကြီးကို ပြည်မှာ ဝင်တွေ့တော့ ကျောင်းအုပ်ဆရာကြီးက စိတ်နေမကောင်း ဖြစ်နေရှာ ဆိုကိုး။ စိတ်နေမကောင်းဆိုတော့ တစ်မျိုး မထင်ပါနဲ့။ သူ့ခမျာ အလုပ်ကများတော့ စိတ်ပင်ပန်း နွမ်းနယ်တဲ့ သဘောပေါ့။ ဘိုလိုတော့ စထရက်ခေါ်တယ် ထင်ပ။ အဲဒါနဲ့ပဲ ကျောင်းကလည်း ပိတ်ထားတုန်း ဆိုတော့ နားနားနေနေ နေရအောင်ဆိုပြီး ကိုယ့်ဆီ ခေါ်လာတာတဲ့။ သူတို့က ကောလိပ်ကျောင်းတုန်းက မိတ်ဆွေတွေ ဆိုပေတဲ့ စရိုက်ချင်းက တယ်ကွာသကိုး။ ကျောင်းအုပ်ဆရာကြီးက မနက်ဆို စောစောထ၊ ဆည်ပေါက်ဘက်ကို လမ်းလျှောက်၊ တစ်ခါတစ်ရံ ကိုယ်နဲ့ ဂေါက်ကွင်းဘက်ကို လျှောက်ကြတာ။ ကိုယ်နဲ့ လမ်းလျှောက်တဲ့အခါတော့ လမ်းမှာ တော၏ လှပခြင်း၊ တောင်၏ လှပခြင်းများကို ကိုယ့်ကို ရှင်းပြတတ်တယ်။ တစ်ခါတလေ တောအလှ၊ တောင်အလှနဲ့ ဆက်စပ်တဲ့ ကဗျာတွေ၊ ဘာတွေ ရွတ်ပြတယ်။ ညံ့တယ် ပြောရင်လည်း ကိုယ်ကတော့ ခံရမှာပဲ။ သူ ပြောပြ၊ ရွတ်ပြ၊ ဖတ်ပြတော့မှပဲ ကိုယ်နေတဲ့ တောအရပ် ဒီလောက် သာယာမှန်း သိတော့တယ်။

ကျောင်းအုပ်ဆရာကြီးက မနက်ဆိုလည်း အချိန်မှန် အိပ်ရာကထ၊ ညဆိုလည်း ကိုယ်တို့ စကားဝိုင်းသိမ်းမှ အိပ်တာ။ ကိုယ်တို့လို ဝီစကီတွေ၊ ဘာတွေ မသောက်ပေတဲ့ ကိုယ်တို့စကားဝိုင်းမှာ ရေနွေးကြမ်းသောက်ပြီး နားထောင်တတ်တယ်။ သူက ကိုရင်မောင်တင့် သားလို သိပ်ဆွေးဆွေးနွေးနွေး မရှိလှဘူး။ သူ စိတ်ဝင်စားတာများရှိရင် အိတ်ကပ်ထဲက စာအုပ်ကလေး ထုတ်ထုတ်ပြီး မှတ်တယ်။ များသောအားဖြင့်က ခေါင်းတညိတ်ညိတ်နဲ့ နားထောင်လေ့ ရှိတာကိုး။ ဒါကြောင့်လည်း ကိုရင်မောင်တင့်သားက ဆော့ခရတ္တိတို့၊ ပလေတိုတို့ရဲ့တပည့် မဟုတ်ဘူး။ ဆရာကြီး ဒေါက်တာ ခင်မောင်ဝင်း တပည့်ဗျလို့ ပြောဖူးတယ်။ ဟုတ်ပါရဲ့ဗျာ။ သူတို့ဆရာ ဒဿနဗေဒ ပါမောက္ခ ဆရာကြီး ဒေါက်တာခင်မောင်ဝင်း ဆိုရင်လည်း သူများတကာ ဆွေးနွေးငြင်းခုံကြရင်ဖြင့် သူက ပြုံးပြုံးကြီးနဲ့ ဆေးတံကြီးခဲ၊ နားထောင်နေတတ်တာကိုး။ အင်း ... ဆူးခါးတိုက်က ဆရာတော်ကြီး ဦးဝိသုဒ္ဓ စကားနဲ့ပြောရင် ပညာရှိ ပီသတဲ့ လူများက တယ်အမှတ်အသား ရှိတတ်တာလို့သာ ဆိုရတော့မှာပဲ။


mgyoe.com

mgyoe.com SAMPLE BOOK
ကျောင်းအုပ်ဆရာကြီးဟာ စထရက် ရနေတယ်သာ ဆိုရတယ် လုပ်ရိုးလုပ်စဉ် ပျက်ပုံမရဘူး။ ညစဉ် မအိပ်ခင် ဒိုင်ယာရီတွေ၊ ဘာတွေ ရေးသေးတာ။ မနက်ဆိုလည်း ခုနစ်နာရီ ထိုးပဟော့ ဆိုတာနဲ့ ထမင်းစား စားပွဲမှာ လက်ဖက်ရည်သောက်ဖို့ အသင့်ဖြစ်နေတတ်တယ်။ ကိုရင်မောင်တင့် သားကတော့ အိပ်ချင်တဲ့အချိန် အိပ်၊ ထချင်တဲ့အချိန် ထ၊ ကိုယ်တို့ ထမင်းစားတဲ့အခါ သူက စားချင်မှ စားတာကလား။ တစ်ညနေတော့ ကိုယ်တို့ ဝိစကီ သောက်နေကြရင်း မင်းမှာ မင်းအဖေလို စည်းနဲ့ ကမ်းနဲ့ နေတတ်တာကလေးများ မရှိဘူးလား။ ဥပမာကွာ အချိန် လေးစားတာတို့၊ ဘာတို့ မရှိဘူးလားလို့ မေးကြည့်မိတယ်။ ဒီတော့ မောင်မင်းကြီးသားက ဘာပြန်ဖြေတယ် ထင်သလဲ။ ဘထွေးရာ ... တဲ့၊ နေဦး။ သူက ကိုယ့်ကို ဘထွေးခေါ်တာက သူ့အဖေညီ ကျောင်းဆရာ မောင်ခန့်နဲ့ ကိုယ်နဲ့က ရွယ်တူ။ မောင်ခန့်ကို ဘထွေး ခေါ်ရာက ကိုယ့်ကိုပါ ဘထွေးခေါ်တယ်။ ဘထွေးရာ ... လောကကြီးဟာ ဘယ်တုန်းကမှ စနစ်တကျရှိခဲ့တာ မဟုတ်ဘူး။ လူတွေကသာ လောကကြီးကို အမျိုးမျိုး သတ်မှတ်ကြတာ၊ ဒီအချိန်တော့ဖြင့် ဒါ လုပ်ရမယ်၊ ဟိုအချိန်တော့ဖြင့် ဟိုဟာ လုပ်ရမယ် မဟုတ်လား။ ဒီလို လုပ်ခြင်းအားဖြင့် လူတွေဟာ သူ့ဘာသာ ကစဉ့်ကလျား ဖြစ်နေတဲ့ လောကကြီးနဲ့ လိုက်လျောညီထွေစွာ နေနိုင်အောင် အားမထုတ်တာ ပေါ်လွင်လာတာပဲ၊ သူ့ဘာသာဖြစ်နေတဲ့ လောကကြီးနဲ့ တတ်နိုင်သမျှ လိုက်လျောညီထွေမှုရှိအောင် နေတတ်ဖို့ လိုတယ် မဟုတ်လားတဲ့။

ဟုတ် မဟုတ်တော့ မသိဘူး။ သူ ပြောမှပဲ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ရမလိုလိုတောင် ဖြစ်မိတော့တယ်။ ဒါနဲ့ ကိုယ်က ဘယ့်နှယ်တုံး ကျောင်းအုပ်ကြီး ... လို့ သူ့မိတ်ဆွေကို လှမ်းမေးမိတယ်။ ဒီတော့ ကျောင်းအုပ်ကြီးက ပြုံးပြီး အဘရာ ... သူက တစ်သက်လုံး ဒီလို မြင်၊ ဒီလို တွေး၊ ဒီလို နေလာတာ၊ သူက အမှန်တရားဆိုတာ ပုဂ္ဂလဓိဋ္ဌာန်ပဲလို့ ယုံတာကိုး။ သူ ယုံသလို၊ သူ မြင်သလို သူများ ယုံရမယ်၊ မြင်ရမယ်လို့ မဆိုတော့ ကျွန်တော်တို့က ခင်ဗျား မှားတယ်လို့ နင်ပဲငဆ မပြောသာဘူး မဟုတ်လားတဲ့။ ဒီလိုတော့လည်း ဟုတ်သားကလား။ ကိုယ်က ကိုယ့်ဘာသာ တွေးမိတယ်။ ဒီလို တွေးတတ်ကြလို့လည်း သင်းတို့


mgyoe.com

mgyoe.com SAMPLE BOOK

သူငယ်ချင်း ပေါင်းဖြစ်ကြတာကိုးလို့လည်း စဉ်းစားမိပြန်တယ်။ ဒီလို နားလည်တတ်တဲ့လူ၊ ကိုယ် ပြောချင်တာက ကျောင်းအုပ်ဆရာကြီးလို နားလည်တတ်တဲ့လူ၊ ဆင်ခြင်တတ်တဲ့လူက ဘယ်လိုလုပ်ပြီး သောက များနေတဲ့အခါ ကိုရင်မောင်တင့် သားလို လူက ဘယ်လိုဖြစ်လို့ သောက မရှိသလို နေနိုင်တယ်ဆိုတာ ကိုယ့်ဘာသာကိုယ်တော့ စဉ်းစားကြည့်လို့ မရပြန်ဘူး။

ဒါနဲ့ တစ်နေ့ည ထမင်းစားပြီး အိမ်နောက်ဘက် ဝရန်တာမှာ ထိုင်စကားပြောကြတော့ ကိုယ်ကပဲ သူ့ကိုမေးမိတယ်။ မင်းမှာ သောက ခေါ်ခေါ်၊ စထရက်ခေါ်ခေါ်၊ ခေါ်ချင်ရာ ခေါ်ကွာ၊ အဲဒါမျိုးများ မင့်ဆီ မရှိဘူးလားလို့ ဆိုတော့ သင်းက ဘထွေးရာ ... လောကမှာ ငါ သေရတော့ မယ်ဆိုတဲ့ အသိထက် ပိုပြီး သောကဖြစ်စရာ၊ ဝမ်းနည်းစရာ၊ ကြေကွဲစရာ ဘယ်ရှိပါ့မတုံးလို့ ဖြေတယ်။ ဒီတော့မှ ကိုယ်လည်း စိတ်ပူသွားမိတယ်။ ဒီအကောင် မပြောကောင်း၊ မဆိုကောင်း ရောဂါတွေ၊ ဘာတွေများ ရှိနေ လို့လားဟဲ့။ ဒါကြောင့် ဆရာဝန်တွေ၊ ဘာတွေများ ဘယ်ရွေ့ဘယ်မျှပဲ နေရမယ်များ ပြောထားလို့လားလို့ တွေးမိတယ်။ ဒီကောင်က ကိုယ် အင်မတန် ရင်းတဲ့ မိတ်ဆွေရဲ့သား ဆိုတော့လည်း ကိုယ့်မှာ အထိုက် အလျောက် တာဝန်က ရှိတာကိုး။ ဒီတော့ ကိုယ်က တည့်တည့်ပဲ မေးရ တယ်။ မင်းကို ဆရာဝန်တွေ၊ ဘာတွေက ပြောပြီလား၊ ဘယ်ရွေ့ဘယ်မျှ ပဲ နေရမယ်ဆိုတာ ... လို့ မေးမိတယ်။ ဒီတော့ ကိုရင်မောင်တင့် သားနဲ့ သူ့မိတ်ဆွေ ကျောင်းအုပ်ဆရာကြီးတို့ နှစ်ယောက်သား ဝါးခနဲ ရယ်ကြ တော့တာကိုး။ ကိုယ်လည်း ကိုယ်က မေးလိုက်မိတာကိုး။ သင်းတို့ နှစ်ယောက်သား အရယ်ရပ်တော့မှ ကိုရင်မောင်တင့် သားက ဘထွေးရဲ့၊ လူဆိုတာ မွေးဖွားပြီးကတည်းက သေဒဏ်က ကျပြီးသား မဟုတ်လား၊ ဆိုကြပါစို့။ မွေးဖွားပြီးတဲ့နောက် သေဆုံးဖို့ဟာ လူမှာ တာဝန်တစ်ရပ် ဖြစ်နေခဲ့ပြီ မဟုတ်လားတဲ့။ ဘထွေး မမှတ်မိတော့လို့ပါ။ တစ်ခါကလည်း ဘထွေးနဲ့ ကျွန်တော် ဒီနေရာမှာထိုင်ရင်း ကျွန်တော် ရှင်းပြဖူးပါတယ်။ ဘဝရဲ့ ဖြစ်နေခြင်းမှာ အဓိကအကျဆုံးဟာ သေခြင်းပဲ။ ဒီအထိ ရှိနေခြင်း ကြောင့် ပေါ်ပေါက်လာတဲ့ သောက၊ ပရိဒေဝဟာ အင်မတန် ပြင်းထန် တယ် ဆိုတာကို ကျွန်တော် ပြောချင်တာပါတဲ့။



mgyoe.com

mgyoe.com SAMPLE BOOK
ဒီလိုတော့လည်း ဟုတ်သားကလား။ သို့ပေတဲ့ အားအားယားယား ဘယ်သူက ဒီကိစ္စကို တွေးနေမှာမို့လဲ။ ကိုယ်ကိုယ်တိုင်လည်း ဒီအမြင်မျိုး တော့ ရှိတယ်။ သဘောလည်း ကျမိပါရဲ့။ သို့ပေတဲ့က သူတို့လို မတွေး တတ်၊ မပြောတတ်ကိုး။ ဒါနဲ့ပဲ ကျောင်းအုပ်ဆရာကြီးက ကိုယ့်ကို ရှင်းပြ တယ်။ နှစ်ဆယ်ရာစု အတွေးအခေါ်ထဲက ဘာပါလိမ့် ...၊ ထားပါတော့ ဗျာ။ အဲဒီ အတွေးအခေါ်အကြောင်း။ သူကတော့ ကျောင်းဆရာ မဟုတ် လား။ ကိုရင်မောင်တင့် သားလို မဟုတ်ဘူး။ ကိုယ့်ကို ကျောင်းသား တစ်ယောက်လို နားလည်အောင် ရှင်းပြရှာတယ်။ ကိုယ်လည်း ပညာ အတော်ရသွားတယ် ဆိုရမှာပါပဲ။ သင်းတို့ ခုခေတ် လူငယ်တွေက ကိုယ် တို့နဲ့ ယှဉ်ရင် အဖတ်အပြုက များတယ်မဟုတ်လား။ ဘဝအတွေ့အကြုံ သာ အသက်အရွယ်အရ နည်းချင်နည်းမှာ။ စာတွေ့တော့ များရှာကြတယ်။ အတွေ့အကြုံ ... အတွေ့အကြုံ။ သတိရတုန်း ပြောပြစမ်းပါရစေ။

တစ်နေ့ နေ့ခင်းပိုင်း ကိုယ်နဲ့ ကျောင်းအုပ်ဆရာကြီးနဲ့ ဂေါက်ကွင်း ဘက်ကို လမ်းလျှောက်ကြတယ်။ ကိုရင်မောင်တင့် သားကတော့ ထုံးစံ အတိုင်းပေါ့။ စာအုပ်တစ်အုပ် ဖတ်ရင်း အိမ်မှာ ကျန်ရစ်ခဲ့လေရဲ့။ ဂေါက် ကွင်းရောက်တော့ ဖိုးစောထွန်းနဲ့ ဆရာဝန် ကိုမရသာ တွေ့တယ်။ သူတို့ နှစ်ယောက်သားလည်း ဂေါက်ရိုက်ဖို့လာတာ ကွင်းရောက်တော့ ပျင်းတာ နဲ့ ဘီယာ ထိုင်သောက်နေကြသတဲ့။ ကိုယ်လည်း သူတို့နဲ့တွေ့တော့ တစ်ခွက်တစ်ဖလားတော့ ကြိတ်လိုက်တာပေါ့။ ကျောင်းအုပ်ဆရာကြီး ကတော့ ထုံးစံအတိုင်း လက်ဖက်ရည်သောက်၊ မုန့်စားပေါ့။ နေလေး နည်းနည်းချိုလာတဲ့အခါ အိန်ပြန်ကြမယ်လုပ်တော့ ဆရာဝန် ကိုမရသာက လမ်းလျှောက် ပြန်ကြရအောင်ဗျာလို့ ဆိုတော့ ကိုယ်တို့က ဘယ်ကန့်ကွက် ပါ့မလဲ။ နဂိုတည်းက လမ်းလျှောက်ထွက်လာကြတာ မဟုတ်လား။ ဒီ တော့ ဖိုးစောထွန်းက အကြံပေးတယ်။ ရေစက်လမ်းဘက်က သွားကြရ အောင်တဲ့။ ရေစက်လမ်းကဖြတ်၊ ဘုရားဝင်းထဲကဖြတ်၊ ရေကန်ကို ကျော် လိုက်ရင် ကိုယ်တို့အားလုံးနေတဲ့ အပိုင်းကို ရောက်ကရော။ လိုရင်း တိုတိုပြောရရင် ကိုယ်တို့အဖွဲ့ ရေစက်လမ်းထဲ ရောက်လို့ လမ်းတစ်ဝက် လောက်လည်း ရောက်ရော ဘယ်သူ့ကို သွားတွေ့တယ် ထင်သလဲ။ တောပြန်ကြီး ဗိုလ်အောင်လင်းကိုပေါ့။


mgyoe.com

mgyoe.com SAMPLE BOOK

ခင်ဗျားတောင် တွေ့ဖူးချင် တွေ့ဖူးမှာ။ အဲဒီဘက်မှာ မသိသူ ခပ်ရှားရှား။ လူပုံက ထောင်ထောင်မောင်းမောင်းရယ်။ ခင်မောင်ရင့် ဘိုကေမျိုးနဲ့။ အမှန်မတော့ တောပြန်ဆိုတာ ဟိုစဉ်က တော်လှန်ရေးကာလ လောက်က တောခိုတာပါ။ နောက် ဒီဘက်ခေတ်ထဲ ရောက်တော့ တပ်ထဲမှာ ဗိုလ်မှူးကြီးကနေ အနားယူတာဆို ထင်ပါရဲ့။ ဖိုးစောထွန်းနဲ့က ငယ်ပေါင်း။ ပိုရင်းတယ်။ မနိုင်ရင်ကာတွေပေါ့ဗျာ။ ကိုယ်နဲ့ကတော့ ဒီကျမှ သိပေတဲ့ အင်မတန် ခင်ပါတယ်။ တွေ့တွေ့ချင်း ဖိုးစောထွန်းကပဲ ဖိုးအောင်လင်း ... နေ့ခင်းကြောင်တောင် လမ်းထဲမှာ ဘာလုပ်နေတုံးလို့ စကား စလိုက်ရာက ကိုယ်တို့တစ်သိုက် လမ်းလယ်ကြီးမှာ စကားဖွဲ့ဖြစ်သွားကြတယ်။ ဒီတော့ ဗိုလ်အောင်လင်းကြီးက မနက် မနက် ဘုရားဝင်းထဲက လမ်းလျှောက်က ကျုပ် ပြန်လာရင် ဒီနားက ခွေးဝဲစားမတစ်ကောင်က ဟောင်နေကျဗျ။ ဒီနေ့တော့ ဟောင်တာ မတွေ့လို့၊ ခုနေ့ခင်းပိုင်းမှာများ တွေ့လိုတွေ့ငြား လာကြည့်တာ ...တဲ့။ ကားတွေ၊ ဘာတွေများ ကြိတ်သွားသလားလို့ ပူလို့ ထွက်ရှာနေတယ်ဆိုပဲ။ ကိုယ်တို့ကတော့ ပြုံးမိတယ်။ ဖိုးစောထွန်းကတော့ အားရပါးရ ရယ်ရင်း ဖိုးအောင်လင်းရာ ... ခွေးဝဲစားမ သူ့ဘာသူ ကားတိုးတိုး၊ သန်းထိပေါက်ပေါက် မင့်အပူလားလို့ ဆိုတယ်။ ဒီတော့ ဗိုလ်အောင်လင်းကြီးက ဟာဗျာ ... ခွေးလည်း အသက်နဲ့ပဲလို့ ဆိုတယ်။ တကယ်တော့ ဗိုလ်အောင်လင်းကြီးက ပူတတ်ပင်တတ်တယ်။

ပူဆို မိုးလင်းလို့ ဘုရားဝင်းထဲ လမ်းတွေ၊ ဘာတွေ လျှောက်ပြီး ပဟော့ဆိုရင် ရေဒီယိုတစ်လုံးနဲ့ တစ်ကမ္ဘာလုံးဖမ်း၊ သတင်းမျိုးစုံ နားထောင်တော့တာပဲ။ ဂျပန်မှာ ငလျင်လှုပ်လည်း သူ ပူတာပဲ။ အယ်လပ်စကာမှာ ရေခဲတောင်ပြိုလည်း သူ ပူတာပဲ။ သူ့ဘာသာသူ ပူရုံနဲ့ ပြီးတာ မဟုတ်ဘူး။ ဟိုလူ့ ဖုန်းဆက်မေး၊ ဒီလူ့ ဖုန်းဆက်ပြောနဲ့။ သူ့အိမ်မှာကလည်း သူ့လို ပူတတ်ပင်တတ်တဲ့ သမီးအပျိုကြီး နှစ်ယောက်ကလည်း ရှိသေးတာ။ ခင်ဗျားလည်း သိသားပဲ။ အပျိုကြီး၊ လူပျိုကြီးဆိုတာက ပူစရာမရှိရင် ရွာထိပ်က ညောင်ကိုင်းကျိုးတာတောင် ရှာကြံပူတတ်တာမျိုး မဟုတ်လား။ ဒီတော့လည်း ဗိုလ်အောင်လင်းကြီးအတွက် အဖော်ရတာပေါ့။ ဘာတဲ့ ...၊ ကျောင်းအုပ်ဆရာကြီး ပြောတဲ့စကားနဲ့ ပြောရရင် အပူကူးစက်မှု



mgyoe.com